# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၃)ရက် ၊ တနင်္လာနေ့ ၊ (14-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


**ရတနာပုံ ယနေ့ဖတ်စရာ**

အန်ကောဝပ်ကို သက်သေတည်၍

ဆောင်းပါး စာမျက်နှာ - ၁၈

ဘေးအန္တရာယ်များကင်းဝေးစေရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပေး

ဆောင်းပါး စာမျက်နှာ - ၂၆

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၁၇၀ စိုက်ပျိုးမည်

စာမျက်နှာ - ၁၅


## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍

စာမျက်နှာ ၂၁ ကော်လံ ၄



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့် နေရာကိုရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ စာမျက်နှာ ၂၁ ကော်လံ ၃

## တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်

**မုံရွာ စက်တင်ဘာ ၁၃**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်အား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဆန် ၉၅ တန်ကို ရေဘေးသင့်ပြည်သူများထံ စာမျက်နှာ ၂၁ ကော်လံ ၁

**ထူးခြားသည့် နေ့အပူချိန်များ** (၁၃-၉-၂၀၂၆)


| | | | | | | | |
|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၆ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ဘီးလင်း | ၃၅ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၅ ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၇ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် စာမျက်နှာ ၂၁ ကော်လံ ၄

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



ရတနာပုံ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်

အယ်ဒီတာ့အာဘော်

# စာတွေ့လက်တွေ့ပေါင်းစပ်သိမြင် မျိုးချစ်စိတ်ဖြင့် အနာဂတ်သို့ရှေးရှုစေချင်

နိုင်ငံတစ်နိုင်ငံတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မာရေးအတွက် နိုင်ငံကို ကာကွယ်စောင့်ရှောက်မည့် အင်အားစုတစ်ရပ် မရှိမဖြစ်လိုအပ်သည်မှာ ပကတိအရှိတရားဖြစ်သည်။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဟူသော လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကျင့်သုံးယုံကြည်ခဲ့သည့် သမိုင်းဝင်မူဝါဒသည် အတိတ်ကာလကကဲ့သို့ပင် ယနေ့မျက်မှောက် ခေတ်ကာလတိုင်အောင်မှန်ကန်လျက်ရှိနေဆဲပင်ဖြစ်သည်။ ဤသမိုင်းသင်ခန်းစာများကို နားလည် သဘောပေါက်ပြီး မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ရန် ပြင်ဆင်ကြရမည်ဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းမြတ်၊ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးနှင့် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီးတို့သည် ခိုင်မာတောင့်တင်း သောတပ်မတော်အင်အားဖြင့် အင်ပါယာနိုင်ငံတော်ကြီးများကို တည်ဆောက်နိုင်ခဲ့ကြသည်။ သို့သော် တပ်မတော်အင်အားယုတ်လျော့ကျဆင်းခဲ့သည့် ကုန်းဘောင်ခေတ်နှောင်းကာလများတွင်မူ တိုင်းပြည် သည် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ဤသမိုင်းအတက်အကျများကို သင်ခန်းစာဖော်ထုတ်ကာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် အနာဂတ်ရင်သွေးငယ်များအား ပညာပြည့်ဝ၍ လက်ရုံးရည်၊ နှလုံးရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် စဉ်ဆက်မပြတ် မွေးထုတ်ပျိုး ထောင်ပေးလျက်ရှိသည်။

ထိုသို့ပျိုးထောင်ရာတွင် ကျောင်းသားလူငယ်များ စာတွေ့သင်ခန်းစာများကိုသာမက လက်တွေ့ ပြင်ပဗဟုသုတများကိုပါ ပြည့်ဝစေရန်ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ လေ့လာရေးခရီးစဉ်များကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆိုပါပြတိုက်ကြီး၌ မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်များကို ကြည့်ရှုခြင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများနှင့် လက်ရုံးတပ်ဖွဲ့ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းနှင့် ပြင်ပပြကွက်များရှိ စစ်လက်နက်ပစ္စည်းများကို ကိုယ်တိုင် လေ့လာခွင့်ရရှိခဲ့ကြသည်။

ယခုကဲ့သို့ စာသင်ခန်းတွင်း သင်ကြားရုံသာမက ပြတိုက်များသို့ ကိုယ်တိုင်သွားရောက်လေ့လာခြင်း အားဖြင့် ကျောင်းသား၊ ကျောင်းသူတို့၏ ပြင်ပဗဟုသုတစွမ်းရည်များ မြင့်မားလာကာ မိမိနိုင်ငံ၊ မိမိ လူမျိုးနှင့် မိမိတို့၏တပ်မတော်အပေါ်ထားရှိသည့် မျိုးချစ်စိတ်ဓာတ်၊ဇာတိသွေးဇာတိမာန်များကို တိုးပွား ရှင်သန်လာစေမည်ဖြစ်သည်။ ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် မြန်မာ့မြေပေါ်တွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ကတည်းက လူသားများတည်ရှိနေထိုင်ခဲ့မှု ခိုင်မာသော သက်သေအထောက်အထား များကို လေ့လာသိရှိရခြင်းက နိုင်ငံအပေါ် တန်ဖိုးထားချစ်မြတ်နိုးမှုကို ပိုမိုခိုင်မာလာစေမည် ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် မျိုးဆက်သစ်လူငယ်များအနေဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်ကဲ့သို့သော နိုင်ငံ၏သမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာခြင်းအားဖြင့် စာတွေ့လက်တွေ့ ပေါင်းစပ် သိမြင်လာကြမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများ အားလုံးက မိမိတို့၏ အနာဂတ်သာမက နိုင်ငံတော်နှင့် တပ်မတော်၏ အနာဂတ်ကိုပါ အကောင်းဆုံး ဦးဆောင် ဖန်တီးနိုင်စွမ်းရှိသည့် ထက်မြက်သော မျိုးချစ်လူငယ်များဖြစ်လာစေရန် ဆတက်ထမ်းပိုး ကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၂၈၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၂၈၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၂၈၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ကြက်သွန်နီ ၂၂၈၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးရာမှာလဲ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုး သန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့ စတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးသွားပါမယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမှ ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဝါးခယ်မ စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးနှင့် ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေးလုပ်ငန်းသုံး အစာအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင် ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ် လုပ်ကိုင်နေတာကြောင့် အခုလို ဖွဲနုအိတ်တွေ ဝယ်ယူမှုအား ကောင်းလာတာ ဖြစ်ပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်စပါးနှင့် ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ တင်ပို့ရောင်းချသည့် ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုသိမ်ကြီးမြို့နယ် ဂိုတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပုသိမ်ကြီး စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆည်တော်ကျေးရွာအုပ်စု ဂိုတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂိုတ်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ရန်ပုံငွေကျပ် ၅၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၂၂၄၃ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၉၃-၇၂၇၈၁၀၆-၄၅၈၈၈၉၃၂၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၀၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်ပံပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**



ရထားရဲတပ်ဖွဲ့၊ အမှတ်(၆) တပ်ခွဲ(မြစ်ငယ်)မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မြစ်ငယ်မြို့၊ သီတာရပ် မူလတန်းကျောင်း၌ ဒုတိယရဲမှူးဝင်းနိုင် ဦးစီး တပ်ဖွဲ့ဝင် ၁၇ ဦးက ပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ထောပတ်ပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ထောပတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ပျော်ဘွယ်မြို့နယ် ပေါ်အင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါ်အင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ ပေါ်အင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပေါ်အင်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁ သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၁ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဇူလိုင်လအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ဓနုဖြူမြို့နယ်ကနေ ငါးမြစ်ချင်းတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးမြစ်ချင်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသက ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေတာပါ။ တင်ပို့ရောင်းချခဲ့တဲ့ ငါးမြစ်ချင်းတွေက လတ်ဆတ်ပါတယ်။ ငါးမြစ်ချင်းကို လက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့အများဆုံး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးမြစ်ချင်းများ အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်း လုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လွန်ခဲ့သော အနှစ် ၃၀

**ချစ်နိုင်(စိတ်ပညာ)**

နောင်အနာဂတ် အနှစ် ၃၀ ကို မျှော်ကြည့်လိုက်သောအခါ မြင်ကွင်းက ဝေဝါးလွန်းသဖြင့် ကောင်းသလား၊ ဆိုးသလား မဝေခွဲနိုင်ပေ။ အခြေအနေ အချိန်အခါအရ ဘာတွေက ရှိနေသေးပြီး ဘာတွေက ကွယ်ပပျောက်ဆုံးသွားကြပြီလဲ မပြောနိုင်ချေ။ တစ်ခု သေချာသည်ကတော့ မိမိသည် အသက် ၁၁၀ ထိအောင် နေရမည်ဟု မထင်မိသောကြောင့် စာရေးသူသည် စာရွက်ထဲရှိ အမည်ဟောင်းတစ်ခုအနေနှင့်မှ အပ လူ့ဘဝ၌မရှိနိုင်တော့ပေ။ ပြန်လည်ဝင်စားပြီး ဆယ်ကျော်သက်ရွယ် လူတစ်ယောက်လည်း ဖြစ်ကောင်းဖြစ်နေလိမ့်မည်။ မရေရာသော အကြောင်းအချက်များကို မရေးလိုပါ။ (နတ်ပြည်လည်း ရောက်ချင်ရောက်နေမှာ။)

အသက် ၇၀ ကျော် အဘိုးအိုတစ်ယောက်အနေနှင့် လွန်ခဲ့သော အနှစ် ၃၀ က အဖြစ်အပျက်၊ အတိတ်က အကြောင်းအချက်များကမူ မိမိမျက်စိထဲတွင် မနေ့တစ်နေ့က တွေ့ခဲ့မြင်ခဲ့သလို ထင်ထင်ရှားရှား သဲသဲကွဲကွဲ ရှိလှသည်။ ထိုအချိန်က ဘယ်သူ ဘယ်အရောင် အင်္ကျီလေးကို ဝတ်ဆင်ခဲ့သည် ဆိုသည်ကိုပင် မှတ်မှတ်ထင်ထင် ပြန်လည်မြင်ယောင်ပါ၏။ မမှတ်မိတော့သော အချက်အချို့ ကျန်ကောင်းကျန်နေနိုင်သော်လည်း စိတ်ထဲစွဲအောင် သတိရစရာတွေတော့ မမေ့နိုင်ပါပေ။ အထူးသဖြင့် မိမိအမြတ်တနိုး တလေးတစားရှိခဲ့ကြသော စာရေးဆရာကြီးများနှင့် အနီးကပ်ထိတွေ့ ဆက်ဆံခွင့်ရသော ထိုအချိန်ကာလသည် မိမိအတွက် အပျော်ရွှင်ဆုံးနေ့ရက်များလည်း ဖြစ်ခဲ့ပေသည်။ စာရေးသူတစ်ယောက် ဖြစ်ချင်ခဲ့သော အထက်တန်းကျောင်းသားဘဝက အိပ်မက်သည် အမှန်တကယ် ရောက်ရှိလာသော အချိန်မဟုတ်လား။

အမျိုးသားစာပေဆုရ ဆရာဒေါက်တာမျိုးသန့်တင် ဥက္ကဋ္ဌနှင့် အမျိုးသားစာပေဆုရ ကဗျာဆရာ သူရဇော် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းမည့် စာပေဆု ရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပေးပါဟု ထိုစဉ်က မီးရထားဝန်ကြီး ဦးဝင်းစိန်က အညာဒေသ မြို့တစ်မြို့သို့ လူကြီးခရီးစဉ်တစ်ခု အတူသွားရင်း ပြောလာသည်။ နှစ်ခါပြောစရာမလိုပါ။ ရေငတ်သည့် လူ ရေတွင်းထဲကျခြင်းပင်။ မိမိက မြဝတီစာပေတိုက် အမှုဆောင်အရာရှိချုပ်၊ စာပေထုတ်ဝေသူ၊ တာဝန်ခံ အယ်ဒီတာချုပ် လုပ်နေရစဉ် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း စသည်တို့ကို အကဲဖြတ်ရွေးချယ်သည့်အလုပ်ကို နေ့စဉ်လုပ်နေရသည်။ မြဝတီခေတ်ပုံဆုလည်း ရွေးပေးနေရသည်။ လုံးချင်းထုတ်ဝေလိုသော စာအုပ်များကိုလည်း ဘုတ်အဖွဲ့ဖြင့် ဖတ်ရှုဆွေးနွေးရွေးချယ်ပေးနေသည်။ အထူးပိုပြီး ဝန်မလေးပါ။ ဆောင်ရွက်ပေးပါမည်။ ပါဝင်ပါမည်ဟု စိတ်ပါလက်ပါ ဖြေကြားလိုက်ခဲ့၏။ (ထိုမြို့ကား စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဦးမြို့ပါ။)

ဆရာကြီး မြသန်းတင့်၏ စမ်းချောင်းရပ်ကွက်ရှိ အိမ်သို့ ဒေါက်တာမျိုးသန့်တင်နှင့် ဆရာသူရဇော်တို့ ရောက်လာတော့ မိမိက ဆရာကြီးမြသန်းတင့်အိမ်တွင် ရှိနေပါ၏။ တစ်လတစ်ကြိမ် မြဝတီစာပေတိုက်က ထွက်သမျှ မြဝတီ၊ ငွေတာရီ၊ တို့ကျောင်းသား၊ တေဇ၊ မိုးသောက်ပန်း၊ ထိုစဉ်က လုံးချင်းဝတ္ထု မစန္ဒာ၊ ဒေါက်တာရဲနိုင်၊ လုံးချင်းသမိုင်း ပြန်ရိုက်သော ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံ၊ ညိုမြ၏ ကုန်းဘောင်ရှာပုံတော်၊ ဒေါက်တာမတင်ဝင်း၏ ဇာတိနဲ့ အစဉ်အလာ စသောစာအုပ်များအား ကိုယ်တိုင်ကိုယ်ကျ ဦးချကန်တော့၍ ပူဇော်ပေးအပ်လေ့ရှိပါ၏။ သူတို့ ဘာကိစ္စ ပြောစရာရှိသဖြင့် လာတွေ့ကြသည်ကို စာရေးသူက ကြို၍သိထားပြီး ဖြစ်သော်လည်း ဆရာကြီးမြသန်းတင့်နှင့်စကားစ ဖြတ်၍ ပြန်ခဲ့ပါသည်။

စေတနာ့ဝန်ထမ်း ပါဝင်ထမ်းဆောင်ပြီး စာပေ အကျိုးအတွက် တစ်ချိန်တစ်ခါက တစ်ထောင့်တစ်နေရာမှ ဘာလစာ၊ ဘာအထောက်အပံ့၊ ဘာအခွင့်အရေးမှ မပေးသော်လည်း ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ် ပါဝင်ခဲ့ကြသူများမှာ နိုင်ငံသိစာရေးဆရာများဖြစ်ကြသည့် ဆရာမြသန်းတင့်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမ နုနုရည်(အင်းဝ)နှင့် လုံးချင်းစာအုပ်တစ်အုပ်သာ ထိုအချိန်ကထွက်ပြီးစ (၁၉၉၆ ခုနှစ်) စာရေးသူတို့ဖြစ်ကြပါ၏။

ရေးရမည့်ခေါင်းစဉ်အမည် ကြေညာလျက် ဝတ္ထုပြိုင်ပွဲဖိတ်ခေါ်ပြီး အမှတ်ပေး အကဲဖြတ်ကြသည်။ ဆုအမည်ကိုလည်း **"မြတ်မိခင်စာပေဆု"**ဟု ခေါ်တွင်စေခဲ့ပါသည်။ မထင်ရှားလှသေးသော ကလောင်ရှင်များလည်းဆုရကြသည်။ နောင်အခါ အောင်မြင်ကျော်ကြားသော မှတ်တမ်းဝင်ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ခံစားကြည့်ရှုနိုင်ခဲ့ကြပါသည်။ မြတ်မိခင်စာပေဆုပေးရေးအဖွဲ့သည် စာပေ၊ သမိုင်း၊ ရုပ်ရှင်၊အနုပညာနယ်ပယ်များတွင်သာမက မြန်မာ့ဇာတ်သဘင်ကိုလည်း တိမ်မြုပ်ပျောက်ကွယ်လုနီးနီး ဖြစ်နေသည့် ရိုးရာယဉ်ကျေးမှုအမွေအနေနှင့် ပြန်လည်ဆွဲထူကူညီကြရန် အကြိမ်ကြိမ် ဆွေးနွေးစည်းဝေးဖြစ်ခဲ့သေး၏။ နည်းလမ်းများ ကြံဆလေ့လာကြ၏။ ငွေကြေးမတည်အရင်းအနှီးထောက်ပံ့ရန် စဉ်းစားမိကြသည်။ အနုပညာ နယ်ပယ်အတွင်းမှ မင်းသားတစ်ယောက်က သူ့ကို ငွေလုံးငွေရင်းကျပ်သိန်း ၁၁၀ လောက် ထုတ်ပေးလျှင် မြန်မာ့ဇာတ်သဘင်ကို ပြန်လည်အသက်ဝင်

❖ **အသက် ၇၀ ကျော် အဘိုးအိုတစ်ယောက်အနေနှင့် လွန်ခဲ့သော အနှစ် ၃၀ က အဖြစ်အပျက်၊ အတိတ်က အကြောင်းအချက်များကမူ မိမိမျက်စိထဲတွင် မနေ့တစ်နေ့ကတွေ့ခဲ့မြင်ခဲ့သလို ထင်ထင်ရှားရှား သဲသဲကွဲကွဲရှိလှသည်။ ထိုအချိန်က ဘယ်သူ ဘယ်အရောင် အင်္ကျီလေးကို ဝတ်ဆင်ခဲ့သည်ဆိုသည်ကိုပင် မှတ်မှတ်ထင်ထင် ပြန်လည်မြင်ယောင်ပါ၏။ မမှတ်မိတော့သော အချက်အချို့ ကျန်ကောင်းကျန်နေနိုင်သော်လည်း စိတ်ထဲစွဲအောင် သတိရစရာတွေတော့ မမေ့နိုင်ပါပေ။ အထူးသဖြင့် မိမိအမြတ်တနိုး တလေးတစားရှိခဲ့ကြသော စာရေးဆရာကြီးများနှင့် အနီးကပ်ထိတွေ့ ဆက်ဆံခွင့်ရသော ထိုအချိန်ကာလသည် မိမိအတွက် အပျော်ရွှင်ဆုံးနေ့ရက်များလည်း ဖြစ်ခဲ့ပေသည်။** ❖

သွားသူတွေလည်း ရှိခဲ့ပေသည်။ ကလောင်ရှင် ကံထွန်းသစ်ဆိုသူ မြတ်မိခင်စာပေဆုရရှိသွားသူကား ရဟန်းတစ်ပါးဖြစ်နေကြောင်း နောက်မှသိရသည်။ ယခုသော် ဆရာတော်ဖြစ်နေလောက်ပေပြီ။

စာပေပါရမီရှိကြသော ရွက်ပုန်းသီးလေးများကို ဖော်ထုတ်ချီးမြှင့်ပေးနိုင်ခဲ့သည်။ လူကြီး၊ လူငယ်၊ လူလတ် စုံလင်သည်။ ကလောင်အမည် မသိရဘဲ ခုံနံပါတ်ပေးသကဲ့သို့ အမှတ်စဉ်သာတပ်သဖြင့် ဘယ်သူ ဘယ်ဝါ မသိရပါ။ တရားမျှတ မှန်ကန်စွာဖြင့် စာပေအကျိုး၊ နိုင်ငံ့အကျိုးကိုသာ မူချမှတ်၍ အကဲဖြတ်ခဲ့ကြပါသည်။ အငြင်းအခုံ၊ အချေအတင် မရှိခဲ့ကြပါ။ ဆု အရွေးခံရသူသည် အမှန်တကယ် စာပေလက်ရာကောင်းကြောင်း တွေ့ကြရပါသည်။

မြတ်မိခင်စာပေဆု ရွေးချယ်ရေးအဖွဲ့သည် စာပေအနုပညာနှင့်ပတ်သက်၍ **"တွင်းသင်းရာဇဝင်သစ်"**၊ ပုံမနှိပ်ရသေးသော အတွဲများကို စိစစ်တည်းဖြတ်၍ ထုတ်ဝေနိုင်ခဲ့လေသည်။ တိမ်မြုပ်နေသော သမိုင်းစာအုပ်များကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ပေသည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို(၁၇၂၆-၁၈၀၆)သည် လေးစားလောက်သည့် ဘိုးတော်မင်းတရားကြီးလက်ထက် ပျို့၊ မော်ကွန်း၊ ရတုများ ရေးသားသဖြင့် "တွင်းသင်းမင်းကြီး"ဟု ထင်ရှားသည်။ မြန်မာ့သမိုင်းများအနက် တွင်းသင်းရာဇဝင်သည် တိကျခိုင်ခံ့သဖြင့် ပညာရှင်များ အထူးအလေးထားခံရသည်။ နောင်လာနောက်သားများ ဖတ်ရှုလေ့လာလျှင် အကျိုးများဖွယ်ရှိပေသည်။

ဆရာကြီး မြသန်းတင့်၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်တို့၏ အကြံပြုချက်များဖြင့် "သူ့ကျွန်မခံပြီ" ဝတ္ထုရှည်ကို ရုပ်ရှင်အဖြစ်သို့ ဖန်တီးပုံဖော်နိုင်ခဲ့ကြလေသည်။ ထိုစဉ်က မီးရထားဝန်ကြီး ဦးဝင်းစိန်၏ ကြီးမားသော စီမံအားပေးမှုဖြင့် ခမ်းနားအောင်မြင်ရှင်သန်အောင် သူဆောင်ရွက်ပါမည်ဟု အဆိုပြုတင်ပြခဲ့ပါ၏။ မီးရထားဝန်ကြီးကလည်း အမှန်တကယ်သာ အောင်မြင်နိုင်သည်ဆိုပါက ထုတ်ပေးလိုသော သဘောထားရှိခဲ့ပါ၏။ ငွေကြေးအရင်းအနှီးကို သူက ရှာပေးမည်ဆို၏။

သို့ရာတွင် မိမိတို့အစည်းအဝေးက အချိန်ယူ၍ အဘက်ဘက်က တွက်ဆသုံးသပ်လျက် ဖြစ်မြောက်နိုင်စွမ်းကို သတင်းအချက်အလက် စုဆောင်းလေ့လာခဲ့ရာ ငွေကြေးပုံပေးရုံမျှနှင့် အောင်မြင်လာနိုင်သည့် အလားအလာမရှိကြောင်း တွေ့ရသဖြင့် မဆောင်ရွက်ဖြစ်ခဲ့ပေ။ ဖြစ်မြောက်နိုင်စွမ်းမရှိသဖြင့် သဲထဲရေသွန်အလုပ်တစ်ခုကို မလုပ်သင့်ကြောင်း ခိုင်ခိုင်မာမာ တိတိကျကျ ဆွေးနွေးပြခဲ့သူမှာ ဆရာကြီး မြသန်းတင့်ဖြစ်ပါသည်။

မီးရထားဝန်ကြီးက ထောက်ပံ့ရန် စေတနာထက်သန်နေသော်လည်း သဘင်တစ်ခေတ် ပြန်လည်ဆန်းသစ်ရေးကား ငွေကြေးထောက်ပံ့မှုတစ်ခုတည်းဖြင့် မရှင်သန်နိုင်ပါကြောင်း ပြတ်သားစွာ ဆွေးနွေးသူ ဆရာကြီး မြသန်းတင့်သည် မှန်ကန်ခဲ့ကြောင်း အချိန်ကာလက အဖြေပေးသဖြင့် အဖြေသိလာခဲ့ရပေသည်။ သဘင်လောက ကျဆင်းနေရခြင်းကို သဘင်သမားများကိုယ်တိုင်က အားနည်းချက်များအား ပြန်လည်ပြုပြင်ပြောင်းလဲ၍ ခေတ်နှင့်အညီ ပြည်သူများ၏ လိုလားချက်၊ တောင့်တချက်နှင့် ဆီလျော်အောင် လုပ်ဆောင်နိုင်မှသာ တိုးတက်လာနိုင်ပေသည်။

**ဆရာကြီးမြသန်းတင့်** (၁၉၂၉-၁၉၉၈)နှင့် **ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်** (၁၉၃၀-၂၀၀၂) တို့သည် နောက်ခံနိုင်ငံရေးအမြင် ကွဲပြားကောင်း ကွဲပြားနိုင်ပါသော်လည်း နိုင်ငံချစ်စိတ်ရှိကြခြင်း၊ တိုင်းပြည်နှင့်လူမျိုးကို တိုးတက်အောင်မြင်စေလိုခြင်းနှင့်ပြည်သူလူထုအား လေးစားတန်ဖိုးထားတတ်ကြခြင်းအရာများတွင် အမြင်သဘောထားနှင့် စေတနာဆန္ဒတို့ကား တူညီကြလေသည်။

မြတ်မိခင်စာပေဆုရွေးချယ်ရေးအဖွဲ့တွင် အတူတကွ ကောင်းတိုင်ပင် ဆိုးတိုင်ပင်ဖြင့် စာပေနှင့်အနုပညာရေးရာများကို ဆွေးနွေးပြောဆိုနိုင်ခဲ့ကြပါသည်။ အပြန်အလှန် လေးစားချစ်ခင်ကြပါ၏။ အကြောက်အကန် အတိုက်အခံ မရှိခဲ့ကြပေ။

ငွေကြေး၊ လစာ၊ ဘယ်သူကမှ မထောက်ပံ့ခဲ့ပါ။ စေတနာ့ဝန်ထမ်းသာ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းသာ။ စာပေစိတ်ဖြင့် တာဝန်ယူခဲ့ခြင်းသက်သက်ဖြစ်၏။ စေတနာ၊ အချိန်၊ လုပ်အား၊ အကြံကောင်း ဉာဏ်ကောင်းများ စုပေါင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၏။ ဘာအခွင့်အရေးမှလည်းမတောင်း။ ဘာအခွင့်အရေးမှလည်း အပေးအယူမရှိ။ စေတနာမှန်သော၊ စေတနာသန်သော စာရေးဆရာကြီးများ၏ တစ်ထောင့်တစ်နေရာက ဖော်လံတီယာ ပါဝင်ထမ်းဆောင်ချက်ကို အမှတ်တရတင်ပြခြင်းဖြစ်ပါ၏။ ဘာဆုလာဘ်မှလည်း မမျှော်ကိုးခဲ့ပေ။ စာရေးသူအတွက်ကား ကုသိုလ်များစွာရခဲ့သည်ဟု ခံယူခဲ့လေသည်။

၁။ ငယ်စဉ်ကပင် မိမိမြင်ချင် တွေ့ချင်ခဲ့သည့် စာရေးဆရာကြီးများနှင့် အပတ်စဉ်၊ လစဉ် အစည်းအဝေးတွင် ဆုံတွေ့ကာ ဗဟုသုတ တိုးခဲ့သည်။ အသိပညာ ရခဲ့သည်။

၂။ မိမိချစ်ခင်သော၊ လေးစားရသော စာရေးဆရာများ၊ ကဗျာဆရာများနှင့် အနီးကပ် လက်တွဲလုပ်ဆောင်ခွင့် အတွေ့အကြုံရခဲ့သည်။ မှတ်သားခွင့်၊ မေးမြန်းဆွေးနွေးခွင့် ရခဲ့သည်။

၃။ သူတို့၏ ဖြူစင်ဖြောင့်မတ်သော စိတ်ဓာတ်ကို အတွင်းကျကျ ထိတွေ့သိမြင်ခွင့်ရခဲ့သဖြင့် ပိုမိုလေးစားကြည်ညိုမိလာသည်။

မိမိယခင်က ဘာမှမသိခဲ့ရသော်လည်း နှစ်များအတော်ကြာလာခဲ့မှ ကြားသိရသောကိစ္စတစ်ရပ် ရှိခဲ့ပေ၏။ စာပေနယ်တွင် ၁၉၈၄ ခုနှစ်မှစ၍ စာနယ်ဇင်းများတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားရှင်သန်လာခဲ့စဉ် မလိုလားသူအချို့က တိုက်ခိုက်ပုတ်ခတ်ချင်ကြလေသည်။ စကားနည်းလှသော ဆရာကြီး မြသန်းတင့်က ထိုအုပ်စု လူအချို့ကို "သူ့ကိုတော့ မလုပ်နဲ့ဗျာ။ ကိုချစ်နိုင်က လူရိုး လူကောင်းပါ။ သူက လူဆိုးမဟုတ်ဘူး။ ကိုယ်သိတယ်။ သူ့ကို ရန်မလုပ်ကြပါနဲ့"ဟု ပြောကြောင်း။

ဆရာကြီးမြသန်းတင့်ကို မိမိမြဝတီစာပေတိုက် အမှုဆောင်အရာရှိချုပ်၊ စာတည်းမှူးချုပ်ဖြစ်စ အချိန်မှစ၍ မိမိတိုက်မှထွက်သမျှစာအုပ်များကို လက်ဆောင် ကန်တော့ပါသည်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ဆရာ နတ်နွယ်၊ ဆရာ မောင်ဆွေတင့် စသည့် ကျေးဇူးရှိခဲ့ဖူးသူ ဆရာသမားများကို လက်ဆောင်ကန်တော့ခဲ့ပေသည်။ အယ်ဒီတာချုပ်က သူထုတ်သမျှ လစဉ်အမှတ်တရ ပို့ပေးခြင်းသည် အသေးအဖွဲ့ကျေးဇူးဆပ်ခြင်းမျှသာဖြစ်သော်လည်း ကလောင်သစ်မဖြစ်ခင်ကပင် မိမိကိုစာသမား ပေသမား လူငယ်လေးဟု သိထားခဲ့ကြသူတို့မှာ ကြည်နူးဝမ်းသာကြရှာသည်။ ငါတို့ကို မမေ့ဘူးပဲ။

ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်မှာ ၁၉၉၆ ခုနှစ်က လစဉ်လိုပင် ဆုံဖြစ်ခဲ့ကြသည့် မြတ်မိခင်စာပေဆုရွေးချယ်ရေးအဖွဲ့မှ **ဆရာကြီးမြသန်းတင့်၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်** တို့နှင့်အတူ ၂၀၂၆ ခုနှစ် ၇၈ ကြိမ်မြောက် လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်နေ့သတင်းတွင် စာရေးသူသည် မမျှော်လင့်ဘဲ **"အလင်္ကာကျော်စွာဘွဲ့"**နိုင်ငံတော်ကချီးမြှင့်ကြောင်း ထုတ်ပြန်ချက်ကို ကြားသိရခြင်းဖြစ်ပါသည်။ စေတနာကို ကံဟုပြောကြ၏။ စေတနာကောင်းလျှင် ကံကောင်းသည်ဟုဆိုကြပါ၏။ ကွယ်လွန်သွားခဲ့ကြသည့် ဆရာကြီးနှစ်ဦးနှင့်အတူတကွ စာပေဆိုင်ရာ ဂုဏ်ယူစရာဘွဲ့တစ်ခုရဖို့ရာ အိပ်မက်ပင် မမက်ခဲ့မိဖူးပါပေ။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၄၅၅၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၄၅၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဂျုံ ၂၄၅၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ယခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၂၄၅၅၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ လုပ်ပါမယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှန်းသားတွေ၊ ပေါင်းရှင်းဖို့ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံသီးနှံ အထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများအားလုံး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

(၂၀၆)

## မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မှန်တိုင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ပင်သာကျေးရွာ၌ အရှည် တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၄ ပေသုံးလက်မ၊ အမြင့် မြေသား နှစ်ပေ၊ ချင်းကျောက် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၅ ဒသမ ၂၅၄ သန်းဖြင့် ဌာနမှတာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

**ဆက်လူ**

## သမ္ဗန်ခတ်သံ

\- တစ်နှစ်တစ်ခါ
တော်သလင်းမှာ လှေပြိုင်ပွဲ၊
လက်ခုပ်သံ ညံမစဲတယ်
တူတွဲကာနွှဲ။

\- ညီညီညာ တက်ကိုလွှဲလို့
အားမာန်ခဲ လုံ့လထူ
ပန်းတိုင်သို့မူ၊
ရိုးရာဓလေ့ ဆင်နွှဲအတူ
ပြုံးပျော်သူ လူအပေါင်း၊
မြန်မာဟန် မြန်မာအဆင်းမို့
ဂုဏ်ထင်းနေကြောင်း။

\- လှော်တက်ကိုင် အားကုန်ညောင်းလည်း
ဖွဲကိုဆောင်းလို့ ရှေ့ဆက်ပြိုင်၊
ခန္ဓာကိုယ်တွင် အရောင်လက်
ချွေးစက်ဖြိုင်ဖြိုင်၊
ပြိုင်ဆိုင်ခြင်းရဲ့ မျှော်ပန်းတိုင်
လှမ်းကိုင်ကာ အောင်မြင်ဆု
ရပြေင်အလယ်
လှေစဉ်ရယ် ရွှေ့ကာရှားတယ်
ကြိုးစားနေမှု။ ။

ဇေဒါမောင်(ပညာရေး)

## ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁) မိုးကြိုးပစ်ကျေးရွာရှိ ဇေယျာသီရိခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွှမ်းနန်းထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ခရိုင်ကျေးလက်လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မင်းမင်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှတောအုပ်ကြီးတို့က ပြည်သူ့စကားဝိုင်းနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ရပ်ကွက်၊ ကျေးရွာတွင် လိုအပ်သည့် ကဏ္ဍများအလိုက် မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ပြည်သူ့စကားဝိုင်းကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိုးကြိုးပစ်ကျေးရွာမှဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **သွေးသွေး**

# ဆော်ဒီအာရေဗျ၏ အရှေ့- အနောက် ရေနံပိုက်လိုင်းတိုက်ခိုက်မှုတွင် အီရန်နိုင်ငံ၌ တာဝန်ရှိနိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်ပြောကြား



**ဒဗ္ဗလင် စက်တင်ဘာ ၁၃**

ဆော်ဒီအာရေဗျ နိုင်ငံ၏ အရှေ့-အနောက် ရေနံပိုက်လိုင်း လေကြောင်း တိုက်ခိုက်မှုအတွက် အီရန်နိုင်ငံတွင် တာဝန်ရှိနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မိမိအနေဖြင့် အရှေ့-အနောက် ရေနံပိုက်လိုင်း တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟမ်မက်ဘင်ဆယ်လ်မန်နှင့် လည်း ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အီရန်နိုင်ငံ အခြေစိုက် လက်နက်ကိုင် အဖွဲ့တစ်ခုက စက်တင်ဘာ ၁၁ ရက်တွင် အရှေ့-အနောက် ရေနံပိုက်လိုင်းကို မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့်တိုက်ခိုက်ခဲ့ရာ ဆော်ဒီအာရေဗျအနေဖြင့် ထိုရေနံပိုက်လိုင်းမှတစ်ဆင့် ရေနံတင်ပို့မှုများကို ယာယီရပ်ဆိုင်းခဲ့ရသည်။

အရှည်ကီလိုမီတာ ၁၂၀၀ ရှိသော အရှေ့-အနောက် ရေနံပိုက်လိုင်းသည် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ရှောင်ကွင်း တည်ဆောက်ထားသည့် ရေနံပိုက်လိုင်းဖြစ်ရာ ဆော်ဒီအာရေဗျ၏ ရေနံပို့ကုန် လုပ်ငန်းအတွက် အရေးကြီးသည့် ရေနံပိုက်လိုင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေး



**နယူးဒေလီ စက်တင်ဘာ ၁၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် စက်တင်ဘာ ၁၂ ရက်တွင် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် တရုတ်နှင့် အိန္ဒိယတို့ကြား နယ်စပ်ကိစ္စရပ်များကို ဖြေရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘရစ်အုပ်စု ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် နယူးဒေလီမြို့သို့ ရောက်ရှိနေစဉ် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

နယူးဒေလီ ဘရစ်အုပ်စုထိပ်သီးညီလာခံသည် တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံး အိန္ဒိယနိုင်ငံခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဆိုပါခရီးစဉ်သည် နယ်စပ်ကိစ္စရပ်များကြောင့် တင်းမာခဲ့သည့် တရုတ်-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပုံစံချမည့် ခရီးစဉ်လည်းဖြစ်သည်။

စက်တင်ဘာ ၁၂ ရက်ခရီးစဉ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် နှစ်နိုင်ငံ နယ်စပ်ကိစ္စရပ်များအတွက် မျှတ၍နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် အဖြေတစ်ရပ် ရှာဖွေရန် သဘောတူခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၀ပြည့်နှစ်တွင် ပိုင်ဆိုင်ခွင့် အငြင်းပွားရာ ဟိမဝန္တာနယ်စပ်၌ ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေး တင်းမာခဲ့သော်လည်း ပြီးခဲ့သည့်နှစ်များအတွင်း ဆက်ဆံရေး ပြန်လည်တိုးတက်ခဲ့ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# အင်ဒိုနီးရှား၌ ခရီးသည်တင်သင်္ဘောနစ်မြုပ် လူခြောက်ဦးသေဆုံး၍ ဦးရေ ၁၃၀ ပျောက်ဆုံးနေ

**ဂျကာတာ စက်တင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ဒေသ၌ ယနေ့တွင် ခရီးသည်တင်သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ရာ လူခြောက်ဦးသေဆုံး၍ ၁၀၇ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါခရီးသည်တင်သင်္ဘောပေါ်၌ လိုက်ပါလာသူများအနက် ဦးရေ ၁၃၀ တို့မှာ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေး အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လူ ၂၄၃ ဦးလိုက်ပါလာသည့် ဗာဂိုထရန်စပို့-၈ သင်္ဘောသည် အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာမြို့မှ တောင်ကလီမင်တန်ကျွန်း ဘန်ဂျာမာဆင်မြို့သို့ စက်တင်ဘာ ၁၂ ရက်တွင် စတင်ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

ဗာဂိုထရန်စပို့-၈ ခရီးသည်တင်သင်္ဘောသည် ဂျာဗားပင်လယ် ရေပြင်အတွင်း ယနေ့ရာသီဥတု ဆိုးရွားနေချိန်တွင် အဆက်အသွယ် စတင်ပြတ်တောက်ခဲ့ကြောင်း သိရသည်။

ဗာဂိုထရန်စပို့-၈ သင်္ဘောသည် ဂျာဗားပင်လယ်အတွင်း နစ်မြုပ်ခဲ့ကြောင်း အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေးအေဂျင်စီက အတည်ပြုသတင်းထုတ်ပြန်ထားသော်လည်း အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဗာဂိုထရန်စပို့-၈ ခရီးသည်တင် သင်္ဘောနစ်မြုပ်ပြီးနောက် ပျောက်ဆုံးနေသူများကို ရှာဖွေရန် သင်္ဘောများ၊ ရဟတ်ယာဉ်များ စေလွှတ်ထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ယူကရိန်းပစ်မှတ်များကို ရုရှားတပ်များတိုက်ခိုက်

**မော်စကို စက်တင်ဘာ ၁၃**

ရုရှားနိုင်ငံသည် စက်တင်ဘာ ၁၂ ရက်တွင် ယူကရိန်းနယ်စပ် အများအပြားကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၂ ရက် လေကြောင်း တိုက်ခိုက်မှုများတွင် ဇာပိုရစ်ဇီယာမြို့၊ ဒီနီပရိုမြို့၊ ခရိုင်ဗီရီမြို့တို့ရှိ သံမဏိစက်ရုံများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ရုရှားတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းနိုင်ငံသို့ လက်နက်ကိုင်တပ်များစေလွှတ်ခြင်း မပြုရန် ရုရှားသမ္မတပူတင်က ဥရောပနိုင်ငံများကို သတိပေးခဲ့ပြီးနောက် ရုရှားတပ်များက ယူကရိန်းကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥရောပနိုင်ငံများ အနေဖြင့် ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ပါက ရုရှားနိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်မှုတွင် ပါဝင်ရာရောက်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားထားသည်။

လိုအပ်လာပါက ယူကရိန်းနိုင်ငံသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ စေလွှတ်နိုင်ဖွယ်ရှိကြောင်း ဥရောပ ခေါင်းဆောင်အချို့က ပြောကြားထားသည်။

သို့ရာတွင် ယူကရိန်းနိုင်ငံသို့ ဥရောပတပ်များ ဝင်ရောက်မှုကို ရုရှားနိုင်ငံအနေဖြင့် လုံးဝလက်ခံမည်မဟုတ်ဟု ရုရှားအစိုးရက အကြိမ်ကြိမ်သတိပေး ပြောကြားထားပြီးဖြစ်ကြောင်းသိရသည်။

Ref : RT
Trs : KKO

# နယူးဒေလီ ပူးတွဲကြေညာချက်ကို ဘရစ်အုပ်စု အတည်ပြု



**နယူးဒေလီ စက်တင်ဘာ ၁၃**

ဘရစ်အုပ်စု (BRICS) အဖွဲ့ဝင်နိုင်ငံများသည် စက်တင်ဘာ ၁၂ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို တညီတညွတ်တည်း အတည်ပြုခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နယူးဒေလီ ပူးတွဲကြေညာချက်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပခဲ့သည့် ဘရစ်အုပ်စု ထိပ်သီးညီလာခံ ပထမဆုံးနေ့မှာပင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

နယူးဒေလီ ပူးတွဲကြေညာချက်တွင် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ဖော်ပြထားပြီး သက်ဆိုင်ရာနိုင်ငံများအနေဖြင့် အတတ်နိုင်ဆုံး စိတ်ချုပ်တည်းကြရန်လည်း တိုက်တွန်းပြောကြားထားသည်။

ဘရစ်အုပ်စုတွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်နေသည့် အီရန်နှင့် ယူအေအီး နိုင်ငံတို့ကလည်း ထောက်ခံခဲ့ကြသည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခတွင် တိုက်ရိုက်ပါဝင်နေသည့် နိုင်ငံဖြစ်ပြီး ယူအေအီးနိုင်ငံမှာ အမေရိကန်နိုင်ငံ၏ အဓိက မဟာမိတ်နိုင်ငံဖြစ်သည်။

စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိကျင်းပခဲ့သော ဘရစ်အုပ်စု ထိပ်သီးညီလာခံတွင် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ၊ စွမ်းအင်ကိစ္စ၊ ယူကရိန်းပဋိပက္ခ၊ ကုန်သွယ်ရေးကိစ္စတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ဘရစ်အုပ်စုတွင် အဖွဲ့ဝင်များအဖြစ် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက၊ အီဂျစ်၊ အီသီယိုးပီးယား၊ ဆော်ဒီအာရေဗျ၊ အင်ဒိုနီးရှား၊ အီရန်၊ ယူအေအီး နိုင်ငံတို့ ပါဝင်ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-153 လျှို့ဝှက်ဂြိုဟ်တုတစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-153 အမည်ရှိ လျှို့ဝှက်ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာ ၁၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

USSF-153 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် USSF-153 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

USSF-153 ဂြိုဟ်တုကို ပို့ဆောင်ခဲ့သော ပတ်လမ်းနေရာနှင့် အခြားအသေးစိတ်အချက်အလက်များကို စပေ့စ်အိတ်နှင့် အမေရိကန်အာကာသတပ်ဖွဲ့တို့က သတင်းထုတ်ပြန်ထားခြင်းမရှိပေ။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၂၇ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

USSF-153 မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ၂၀၂၄ ခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၀၄ ကြိမ်မြောက်ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကိုယ်အလေးချိန် လျှော့ချရေးဆေးသုံးစွဲသူများ၌ စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်

**ဆိုးလ် စက်တင်ဘာ ၁၃**

ကိုယ်အလေးချိန်လျှော့ချရေးဆေးများ သုံးစွဲသူများ၌ စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များသည် ကိုယ်အလေးချိန်လျှော့ချရေးဆေးများ သုံးစွဲနေသူ ၈၄၆ ဦးအပါအဝင် အရွယ်ရောက်သူ ၂၇၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ကိုယ်အလေးချိန် လျှော့ချရေးဆေးသုံးစွဲသူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက စိတ်ကျရောဂါခံစားရနိုင်ခြေ ၆၃ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်လိုစိတ်ဝင်လာနိုင်ခြေလည်း မြင့်မားလာနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် စိတ်ကျရောဂါဝင်နိုင်ခြေ၊ သေကြောင်းကြံစည်လိုစိတ်များ ပေါ်လာနိုင်ခြေတို့နှင့် ဆက်စပ်နေပြီး ဆေးသုံးစွဲပြီး နောက်ပိုင်း ကိုယ်အလေးချိန် ပြန်တက်လာသူများတွင် အထက်ပါ စိတ်ကျန်းမာရေးပြဿနာများ မြင့်တက်လာနိုင်ခြေမှာ ပို၍ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Katalyst ကုမ္ပဏီ၏ လင့်ခ်အာကာသယာဉ်က ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်အနီး ချဉ်းကပ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်မြှင့်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖျက်သိမ်းလိုက်ပြီဖြစ်သော်လည်း Katalyst ကုမ္ပဏီ၏ လင့်ခ်အာကာသယာဉ်သည် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်အနီးသို့ ချဉ်းကပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။




လင့်ခ်အာကာသယာဉ်သည် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ရေးအတွက် လင့်ခ်အာကာသယာဉ်ကို နာဆာနှင့် Katalyst ကုမ္ပဏီတို့က ယခုနှစ် ဇူလိုင် ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီး သီတင်းနှစ်ပတ်အကြာတွင် လင့်ခ်အာကာသယာဉ်သည် ဒုံးအင်ဂျင်ပြဿနာတစ်ရပ်ကြောင့် မွှတ်မွှတ်လည်နေခဲ့ရာ နာဆာအနေဖြင့် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်ပတ်လမ်းအမြင့် မြှင့်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

သို့သော် လင့်ခ်အာကာသယာဉ်သည် တပ်ဆင်ထားသည့် ဒုံးအင်ဂျင်များ အကူအညီဖြင့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်နှင့် ၇ ဒသမ ၅ မိုင်နှင့် ကိုးမိုင်အကြားအကွာအဝေးထိ ချဉ်းကပ်နိုင်ခဲ့ကြောင်း Katalyst ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် နေမျက်နှာပြင်လှုပ်ရှားမှုများကြောင့် ပတ်လမ်းအမြင့် တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိသည်။

Ref : Sputnik News
Trs : KKO

# ဆီးကျိတ်ကင်ဆာကို စောစောစီးစီး ဖော်ထုတ်နိုင်မည့်နည်းလမ်းများ မကြာမီကာလအတွင်း ပေါ်ထွက်လာနိုင်

**လန်ဒန် စက်တင်ဘာ ၁၃**

ဆီးကျိတ်ကင်ဆာရောဂါကို စောစောစီးစီး ဖော်ထုတ်နိုင်မည့် နည်းလမ်းသစ်များ မကြာမီကာလအတွင်း ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာဆဲလ် ၁၀ ခုလျှင် ကိုးခု၏ နောက်ကွယ်၌ ရှိနေသော ရှေ့ပြေး မျိုးဗီဇသဲလွန်စများကို ဖော်ထုတ်တွေ့ရှိထားသည်။


အထက်ပါ တွေ့ရှိချက်အရ မကြာမီကာလများအတွင်း ဆီးကျိတ်ကင်ဆာရောဂါကို စောစောစီးစီးဖော်ထုတ်နိုင်မည့် နည်းလမ်းများနှင့် လူနာတစ်ဦးချင်းစီအတွက် သီးသန့်ကုထုံးများကို ဖန်တီးနိုင်ရန် လမ်းစပွင့်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာ ၉၅၉ ဦးတို့၏ ဆီးကျိတ်ကင်ဆာဆဲလ်နမူနာများကို လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာတွင် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာ ၈၅ ရာခိုင်နှုန်းခန့်အတွက် တာဝန်ရှိသော မျိုးဗီဇရှစ်မျိုးတို့ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အထက်ပါမျိုးဗီဇရှစ်မျိုးအနက် လေးမျိုးမှာ အခြားကိုယ်တွင်းအစိတ်အပိုင်းများထံ ကင်ဆာဆဲလ်များပျံ့နှံ့တတ်သော ဆီးကျိတ်ကင်ဆာများနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တရုတ်အမျိုးသားအာကာသ အေဂျင်စီက အဝေးအာရုံခံစနစ် ဂြိုဟ်တုအုပ်စုနှစ်ခုကို အောင်မြင်စွာလွှတ်တင်

**ပေကျင်း စက်တင်ဘာ ၁၃**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် အဝေးအာရုံခံစနစ် ဂြိုဟ်တုအုပ်စုနှစ်ခုကို စက်တင်ဘာ ၁၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီက လွှတ်တင်ခဲ့သော အဝေးအာရုံခံစနစ်ဂြိုဟ်တုများမှာ ယောင်ကန်း-၅၃ အုပ်စုဝင်ဂြိုဟ်တုများနှင့်ယောင်ကန်း-၅၆ အုပ်စုဝင်ဂြိုဟ်တုများဖြစ်ကြသည်။

အဆိုပါ ဂြိုဟ်တုများကို လောင်းမတ်ချ်-၄ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ ဘီ ဒုံးပျံသည် အထက်ပါ ယောင်ကန်းအုပ်စုဝင်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ယောင်ကန်းအုပ်စုဝင်ဂြိုဟ်တုများကို သိပ္ပံပညာရပ်ဆိုင်ရာ စမ်းသပ်မှုများ၊ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ် တိုင်းတာမှုများအတွက် အသုံးပြုရန် တရုတ်အမျိုးသားအာကာသ အေဂျင်စီက စီစဉ်ထားသည်။

စက်တင်ဘာ ၁၂ ရက် မစ်ရှင်သည် လောင်းမတ်ချ်အုပ်စုဝင် ဒုံးပျံများ၏ ၆၆၆ ကြိမ်မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရိုင်ဘာကီနာဆွတ်ခူး



**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် U.S. Open အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၂) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကမ္ဘာ့အဆင့်(၁) ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ကစားခဲ့ရာ ရိုင်ဘာကီနာကအနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း U.S. Open Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး လက်ရှိချန်ပီယံ အဖြစ်ပါဝင်ကစားခဲ့သည့် ဆာဘာလင်ကာသည် ရိုင်ဘာကီနာကိုရှုံးနိမ့်ပြီး ဆုဖလား လက်လွှတ်ခဲ့ရသကဲ့သို့ ရိုင်ဘာကီနာအတွက်လည်း U.S. Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာက "ဒီအောင်ပွဲအတွက် ဝမ်းသာပါတယ်။ ဒီအချိန်ထိ ကျွန်မနဲ့အတူရှိနေပေးတဲ့အသင်းနဲ့ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းကိုကျေးဇူးတင်ပါတယ်။ အခုပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ခံစားချက်က သိပ်ကိုထူးခြားတဲ့ ခံစားချက်ပါ"ဟုပြောကြားခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ဆာဘာလင်ကာကို ရိုင်ဘာကီနာက (၆-၄)၊ (၅-၇)၊ (၆-၂)ရလဒ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့်(၁)နေရာသို့ တက်ရောက်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : U.S. Open Tennis**

**Trs : STA**

# WBC ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ဂါစီယာက ကော်နာဘင်းကို အလဲထိုးဖြင့် အနိုင်ရ

**ဝါရှင်တန် စက်တင်ဘာ ၁၃**



WBC ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ် ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဂါစီယာနှင့် ဗြိတိန် လက်ဝှေ့သမား ကော်နာဘင်းတို့ ထိုးသတ်ခဲ့ရာ ဂါစီယာက ဒုတိယ အချီတွင် အလဲထိုးဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်း Boxing 24 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အဆိုပါ WBC ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ် ပွဲစဉ်ကို စက်တင်ဘာ ၁၂ ရက်က အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့ရှိ T Mobile Arena တွင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ် ပထမအချီတွင် အပြန်အလှန် ထိုးသတ်ခဲ့ပြီး ကွာခြားမှုမရှိခဲ့သော်လည်း ဒုတိယ အချီတွင် ဂါစီယာက ထိရောက်သည့်ထိုးချက်များဖြင့် ဖိအားပေးခဲ့ပြီး ဒုတိယအချီပွဲချိန် ၁ မိနစ်နှင့် ၂၅ စက္ကန့်တွင် ဂါစီယာ၏ညာဝိုက် လက်သီးချက်ကြောင့် ကော်နာဘင်းလဲကျခဲ့ပြီး ဒိုင်လူကြီးက စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ကော်နာဘင်းအနေဖြင့်ဆက်လက် ထိုးသတ် နိုင်ခြင်းမရှိကြောင်းဆုံးဖြတ်ခဲ့သည့်အတွက် ဂါစီယာက အလဲထိုးဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်းဖြစ်သည်။

ဂါစီယာက "ကျွန်တော်ချန်ပီယံခါးပတ်တွေဆက်ပြီး ရယူချင်ပါတယ်။ ဒီပွဲပြီးတော့ WBA ချန်ပီယံ လိုပက်ဇ်နဲ့ဆက်ပြီး ထိုးချင်ပါတယ်။ ကျွန်တော်နောက်ထပ် ချန်ပီယံလုပွဲစဉ်တွေ ထိုးသတ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ဂါစီယာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၂၆ ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူဖြစ်ပြီး WBC ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်ကို ပထမဆုံးအကြိမ် ထိုးသတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Boxing 24**

**Trs : STA**

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၄)နောက်ဆုံးပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄) နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ရန်ကုန်စီးတီး အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း နှစ်ဖက်အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက်များကြောင့် ပထမပိုင်းတွင် ဂိုးမရှိ သရေလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရန်ကုန်စီးတီး အသင်းက ဖိအားပေးခဲ့ကာ ပွဲချိန် ၅၁ မိနစ်တွင် စိုးသီဟဇော်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို သုံးမိနစ်တွင် ထက်အာကာဝင်းတို့က ရန်ကုန်စီးတီး အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၁၄)အပြီးတွင် ISPE အသင်းက ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေကြောင်း သိရသည်။

**STA**

# ဗလင်စီယာအသင်း နည်းပြကော်ဘီယန်ကို နည်းပြရာထူးမှ ထုတ်ပယ်

**မက်ဒရစ် စက်တင်ဘာ ၁၃**

ဗလင်စီယာအသင်းက ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက် ဆိုးရွားနေသည့်အတွက် အသင်းနည်းပြ ကော်ဘီယန်ကို ယနေ့တွင် ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း Eurosports သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အသက် ၄၃ နှစ်ရှိ နည်းပြ ကော်ဘီယန်သည် ဗလင်စီယာ အသင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံး ရာသီက ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရာသီ အစပိုင်းရလဒ်များ ဆက်တိုက် ဆိုးရွားနေခြင်းဖြစ်သည်။

ဗလင်စီယာ အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြကော်ဘီယန် လက်အောက်၌ စပိန်လာလီဂါပြိုင်ပွဲ ငါးပွဲကစားပြီးချိန်တွင် ရာသီအဖွင့်ပွဲစဉ်ဖြစ်သည့် ဆဲတာဗီဂိုအသင်းနှင့် ပွဲစဉ်တွင်သာ သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်ခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေခြင်းဖြစ်သည်။

နည်းပြ ကော်ဘီယန်သည် ဗလင်စီယာအသင်းကို ပြိုင်ပွဲစုံ ၇၂ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၈ ပွဲနိုင်၊ ၁၈ ပွဲသရေ၊ ၂၆ပွဲရှုံးရလဒ် သာရရှိခဲ့သည်။

ဗလင်စီယာအသင်းက နည်းပြကော်ဘီယန်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အမြန်ဆုံး ခန့်အပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Eurosports**

**Trs : STA**

# UFC 334 ပြိုင်ပွဲတွင် ဟာရီဆင်နှင့် နူနက်တို့၏ ကမ္ဘာ့ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲထည့်သွင်းရန် UFC အဖွဲ့ချုပ် ဆွေးနွေးမှုများပြုလုပ်

**ဝါရှင်တန် စက်တင်ဘာ ၁၃**



UFC အဖွဲ့ချုပ်က UFC 334 ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဘင်တန် ဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ် ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်အမျိုးသမီးဖိုက်တာ ဟာရီဆင်နှင့် ဘရာဇီးအမျိုးသမီး ဖိုက်တာ နူနက်တို့ပွဲစဉ်ထည့်သွင်းကျင်းပရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း UFC.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

UFC 334 ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၄ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ထိုးသတ်မည့် တွဲဆိုင်းများကို အတည်ပြုထားခြင်း မရှိသေးဘဲ ဟာရီဆင်နှင့် နူနက်တို့၏ UFC ကမ္ဘာ့ဘင်တန် ဝိတ်တန်းချန်ပီယံ ခါးပတ်ကာကွယ် ပွဲစဉ်ကို ထည့်သွင်းကျင်းပရန် ဆွေးနွေးနေခြင်းဖြစ်သည်။

ဟာရီဆင်သည် UFC ကမ္ဘာ့ ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ၂၀၂၅ ခုနှစ် ဇွန် ၇ ရက်က ကျင်းပခဲ့သည့် UFC 316 ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ ဂျူလီယာနာကိုအနိုင်ရပြီး ဆွတ်ခူးခဲ့ကာ လာမည့် UFC 334 ပြိုင်ပွဲတွင် ချန်ပီယံခါးပတ်ကာကွယ်ပွဲ ထိုးသတ်ရဖွယ်ရှိနေခြင်းဖြစ်သည်။

ဟာရီဆင်သည် UFC ကမ္ဘာ့ ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ် ရရှိခဲ့ပြီးနောက် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ရခြင်း မရှိသေးဘဲ လာမည့် UFC 334 ပြိုင်ပွဲတွင် ထိုးသတ်ရမည်ဖြစ်သည်။

ဟာရီဆင်နှင့် နူနက်တို့သည် UFC ကမ္ဘာ့ဘင်တန်ဝိတ်တန်းချန် ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၄ရက်ကကျင်းပခဲ့သည့် UFC 324 ပြိုင်ပွဲတွင် ထိုးသတ်ရန် အတည်ပြုထားသော်လည်း ဟာရီဆင် ဒဏ်ရာရခဲ့သည့်အတွက် ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရပြီး လက်ရှိတွင် ဟာရီဆင်သည် ဒဏ်ရာမှပြန်လည် သက်သာလာခဲ့ပြီးနောက် UFC 334 ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပ ရန်စီစဉ်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : UFC.com**

**Trs : STA**

# Shwe Nayar Moonsoon Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




ရန်ကုန် စက်တင်ဘာ ၁၃

Shwe Nayar Moonsoon Junior Open မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားအသက် ၁၂ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရ ကျော်လင်းထွန်း၊ ဒုတိယဆုရ ရှင်းခန့်ဇော်၊ တတိယဆုရ ကောင်းခန့်ဇော်တို့ကို Junior Golf Myanmar(JGM) တွဲဖက်အတွင်းရေးမှူး ဦးခန့်ဇော်၊ ဒုတိယဆုရ အောင်စိုးထွန်း၊ ပထမဆုရ ဘုန်းမြတ်သော်တို့ကို JGM တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေတို့က ချီးမြှင့် ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသမီးအသက် ၁၈ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရ ချစ်ခွန်းသီအောင်၊ ဒုတိယဆုရ မိုးမခကျော်သူ၊တတိယဆုရ Choi Huiတို့ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်လတ်၊ ဒုတိယဆုရ ဆုနှင်းဖြူ၊ ပထမဆုရ ချိုသာအောင်တို့ကို ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်တို့က ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား ၁၄ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရ Kai Agustin Tamer Akinci၊ တတိယဆုရ အောင်ဇေဘုန်းခန့်၊ တတိယဆုရ ကျော်ပုညကိုကို၊ ဒုတိယဆုရ ခန့်သူရနိုင်၊ပထမဆုရ ဝေယံလင်းဦးတို့ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဦးအောင်ကြည်၊အမျိုးသား ၁၈ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရ ရဲရင့်လွင်၊ တတိယဆုရ ပြည့်စုံအောင်၊ တတိယဆုရ လင်းပြည့်မောင်တို့ကို JGM အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်း၊ ဒုတိယဆုရရှိသော Choi Hwan၊ ပထမဆုရ ခန့်ဘုန်းလျှန်တို့ကို JGM ဥက္ကဋ္ဌ ဦးအောင်ကိုဇော်တို့က ချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲ ၁၀၀ ဂိုးမပေးရသည့် ဂိုးသမားများစာရင်းတွင် အဲဗာတန်အသင်းမှ ပစ်ဖို့ဒ်ပါဝင်လာ

လန်ဒန် စက်တင်ဘာ ၁၃

အဲဗာတန်အသင်း ဂိုးသမား ပစ်ဖို့ဒ်သည် စပါးအသင်းနှင့် အဲဗာတန်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲ ၁၀၀ ဂိုးမပေးရသည့် ဂိုးသမားစာရင်း၌ ပါဝင်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ ပစ်ဖို့ဒ်သည် ၂၀၁၇ ခုနှစ်က ဆန်းဒါးလန်းအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ကာလရှည် အဓိကဂိုးသမားအဖြစ် ပါဝင်ခဲ့ကာ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အသင်းနှင့် အတူပွဲ ၁၀၀ ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲ ၁၀၀နှင့်အထက် ပြုလုပ်နိုင်ခဲ့သည့် ဂိုးသမားများစာရင်းတွင် ပီတာချက်၊ ဒေးဗစ်ဂျိမ်း၊ မတ်ရှဲဗာဝါ၊ ဒီဂီယာ၊ ဒေးဗစ်ဆီးမန်း၊ မတ်တီ၊ ရေနာ၊ ဖရီဒယ်၊ တင်ဟောင်းဝပ်၊ ဗန်ဒါးဆား၊ ရှမိုက်ကယ်၊ လိုရစ်၊ အီဒါဆန်၊ ရှေးဂစ်ဗင်၊ လိုင်နန်၊ ဆိုရန်ဆင်၊ အလီဆင်၊ ပစ်ဖို့ဒ်တို့ ပါဝင်ခဲ့ကြသည်။

လက်ရှိ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲ ၁၀၀ နှင့်အထက် လုပ်ဆောင်နိုင်ခဲ့သည့် ဂိုးသမားနှစ်ဦးသာ ရှိနေပြီး ပစ်ဖို့ဒ်နှင့်အတူ လက်ရှိလီဗာပူးအသင်း ဂိုးသမား အလီဆန်တို့က ရပ်တည်နေကြောင်းသိရသည်။

Ref : B/R Football

Trs : STA



# မြန်မာဘောလုံးအသင်းနှင့်အတူ အောင်မြင်မှုများရယူခဲ့သည့် ကစားသမားဟောင်း ဦးဝင်းအောင် အသက် ၆၀ နှစ်တွင် ကွယ်လွန်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာဘောလုံး အသင်းတိုက်စစ် ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ အောင်မြင်မှုများရယူခဲ့သည့် ကစားသမားဟောင်း ဦးဝင်းအောင်သည် အသက် ၆၀ နှစ်တွင် ရန်ကုန်မြို့ အာယုဆေးရုံတွင် ကွယ်လွန်ခဲ့သည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင်သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

ဦးဝင်းအောင်သည် ၁၉၆၅ ခုနှစ်က မွေးဖွားသူဖြစ်ပြီး ယခုနှစ်တွင် အသက် ၆၀ ပြည့်မြောက်ခဲ့ကာ ယခုလ အစောပိုင်းကတည်းက အဆုတ်အတွင်း ရေဝင်သည့် ရောဂါကြောင့် အာယုဆေးရုံတွင် ဆေးဝါး ကုသမှုခံယူနေခြင်းဖြစ်ပြီး ယနေ့ညနေ ၄ နာရီခွဲခန့်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဦးဝင်းအောင်သည် မြန်မာအသင်းနှင့်အတူ ၁၉၈၈ ခုနှစ်မှ စတင်ကာ ပါဝင်ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝတွင် ပြည်တွင်းကလပ်အသင်းများ ဖြစ်သည့် ဆောက်လုပ်ရေးအသင်း၊ ဘဏ္ဍာအခွန်အသင်းတို့တွင် ကစားခဲ့သူ ဖြစ်သည့်အပြင် စင်ကာပူလိဂ်ပြိုင်ပွဲတွင်လည်း ကစားခဲ့သူဖြစ်သည်။

ဦးဝင်းအောင်သည် မြန်မာအသင်းနှင့်အတူ ၁၉၉၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးခဲ့သူဖြစ်ပြီး ဦးမျိုးလှိုင်ဝင်း၊ ဦးသန်းတိုးအောင် အစရှိသည့် ကစားသမားများနှင့် အတူတွဲဖက်ကစားခဲ့သူဖြစ်ကာ ၁၉၉၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၊ ၁၉၉၄ ခုနှစ် အာရှအားကစားပြိုင်ပွဲ၊ ၁၉၉၆ ခုနှစ် တိုက်ဂါးဖလားပြိုင်ပွဲ တို့တွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့သူဖြစ်သည်။

ဦးဝင်းအောင်သည် ၁၉၉၇ ခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အတူ နောက်ဆုံးပါဝင်ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ကာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီးနောက် ပိုင်းတွင်လည်း မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်းသိရသည်။ STA

# မန္တလေးမြို့၌ မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပမည်

မန္တလေး စက်တင်ဘာ ၁၃

မန္တလေးမြို့၌ မျိုးဆက်သစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီး အသင်းမှ ကစားသမားများကို ဂုဏ်ပြုသည့် အနေဖြင့် ကျင်းပခြင်းဖြစ်ပြီး မျိုးဆက်သစ် လူငယ်လက်ဝှေ့သမားများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်တွင် မွန်းလွဲ ၁ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို အခမဲ့ပြသမည်ဖြစ်သည်။

မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မင်းသစ်တိုးနှင့် ဝေယံ၊ ဇမန်းပေါက်နှင့် ကျားပေါက်စ၊ တိုးကျော်နှင့် လေလက်မ၊ ဟိန်းဇော်နှင့် ဟန်မင်းညို၊ ခန့်ဇင်ဖြိုးနှင့် ကျားပေလုံး၊ စိုးလင်းနိုင်နှင့် အောင်မိုးဟိန်း၊ ဖိုးသားနှင့် ကျော်ကျော်လင်း၊ ဟိန်းမင်းထက်နှင့် ထွန်းလင်းလတ်၊ ကောင်းမြတ်သူနှင့် အာရှတံခွန်၊ ကောင်းထက်ဟိန်းနှင့် ကျောက်ရိုင်း၊ အောင်နိုင်နိုင်နှင့် ဖွဲမာန်၊ ဖွဲ့သီဟနှင့် ရှင်းခန့်မင်း၊ နေမင်းခန့်နှင့် သူရဇော်၊ အောင်မြတ်ထွဋ်နှင့် ပေါက်ကြီးတို့ ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစလေးပွဲဆက် သွင်းဂိုးမရှိဘဲ နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် စပါးအသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စတင်ပြင်ဆင်



လန်ဒန် စက်တင်ဘာ ၁၃

စပါးအသင်းက ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစ လေးပွဲဆက် သွင်းဂိုး တစ်ဂိုးမျှမရရှိဘဲ နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် နည်းပြအပြောင်းအလဲ စတင်လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက တန်းဆင်းဇုန်မှ ရုန်းကန်ခဲ့ရပြီး ရာသီပြီးဆုံးချိန်တွင် အဆင့်(၁၇)နေရာတွင်သာ ရပ်တည်ခဲ့ပြီးနောက် ယခုနှစ် ရာသီတွင် အသင်းကိုကြီးကြီးမားမား အပြောင်းအလဲများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် နည်းပြသစ်အဖြစ် ဒီဇာဘီကိုခန့်အပ်ခဲ့ကာ့သို့ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကလည်း ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀၀ကျော်အကုန်ကျခံပြီး ကစားသမားများ ခေါ်ယူခဲ့သော်လည်း ရာသီအစပိုင်းတွင်ပင် ရလဒ်များ ဆိုးရွားနေခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ လေးပွဲတွင် ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး ဂိုးမရှိ နယူးကာဆယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး နော့တင်ဟမ်အသင်း၊ အဲဗာတန်အသင်းတို့နှင့် ပွဲစဉ်များတွင်လည်း ဂိုးမရှိသရေလဒ် ထွက်ပေါ်ခဲ့ကာ လေးပွဲဆက် သွင်းဂိုးမရှိဘဲ နိုင်ပွဲပျောက်ဆုံးနေခြင်းဖြစ်သည်။

စပါးအသင်း တာဝန်ရှိသူများက လာမည့် လီဗာပူးအသင်း၊ အေဗီလာအသင်း၊ မန်ယူအသင်းတို့နှင့် ပွဲစဉ်မှရလဒ်များကို စောင့်ကြည့်မည်ဖြစ်ပြီး ရလဒ်များဆက်လက် ဆိုးရွားနေမည်ဆိုပါက နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# စိတ်ကျဖို့ထက် စိတ်ပြန်မတက်ဖို့က ဘာကြောင့် ပိုခက်တာလဲ

မန္တလာဆရာမျိုး

စိတ်ချဖူးသူတော်တော်များများမှာ တူညီသည့် အတွေ့အကြုံတစ်ခု ရှိတတ်ကြသည်။ စိတ်ချမည်ဟု ဆုံးဖြတ်လိုက်သည့်နေ့မှစပြီး အစားအသောက်ကို ထိန်းသည်။ ထမင်းလျှော့သည်။ အချိုရည်ဖြတ်သည်။ ညစာလျှော့သည်။ လမ်းလျှောက်သည်။ Gym သွားသည်။ ပေါင်ချိန်စက်ပေါ်က ကိန်းဂဏန်းကလည်း တဖြည်းဖြည်းကျလာသည်။ ၉၀ ကီလိုကနေ ၈၈၊ ၈၅၊ ၈၂...။ အဝတ်အစားများ ချောင်လာသည်။ ခါးပတ်ပေါက်ပြောင်းပတ်ရသည်။ မတွေ့တာကြာသည့်သူများက "ပိန်သွားလိုက်တာ"ဟု ပြောလာကြသည်။ ကိုယ်တိုင်လည်း အားတက်လာသည်။ နောက်ဆုံး ကိုယ်လိုချင်သည့် ဝိတ်တစ်ခုကို ရောက်လာသည့်အခါ "အောင်မြင်ပြီ"ဟု ထင်လိုက်သည်။

သို့သော် ပြဿနာက ထိုအချိန်မှ စတင်တတ်သည်။ တင်းတင်းကျပ်ကျပ် ထိန်းထားသည့် အစားအသောက်ကို နည်းနည်းလျှော့ပေးလိုက်သည်။ မစားဘဲထားခဲ့သည့် အစားအစာများကို ပြန်စားလာသည်။ နေ့တိုင်းလုပ်ခဲ့သည့် လေ့ကျင့်ခန်းက တစ်ပတ်သုံးရက်ဖြစ်သွားသည်။ နောက်တော့ တစ်ပတ်တစ်ရက်၊ တစ်ခါတလေ လုံးဝမလုပ်ဖြစ်တော့ပေ။ ညစာလည်းပြန်များလာသည်။ အချိုရည်လည်း တစ်ခွက်နှစ်ခွက် ပြန်သောက်ဖြစ်လာသည်။

အစပိုင်းမှာတော့ ဘာမှမဖြစ်သလို ထင်ရသည်။ နောက်တစ်လကြာတော့ နှစ်ကီလိုပြန်တက်လာသည်။ "ရပါတယ်။ ပြန်ချလိုက်မယ်"ဟု ဆိုတတ်ကြသည်။ နောက်နှစ်လ၊ သုံးလကြာတော့ နောက်ထပ် သုံးကီလိုတက်လာသည်။ ခါးပတ်ပြန်တင်းလာသည်။ အဝတ်အစားများ ပြန်ကျပ်လာသည်။ တစ်နှစ်လောက်ကြာသည့်အခါ ခက်ခက်ခဲခဲချထားခဲ့သည့် ဝိတ်များ ပြန်တက်လာတတ်သည်။ တချို့မှာ မူလဝိတ်ထက်ပင် ပိုများလာတတ်သည်။ ထိုသို့ဖြစ်လာသည့်အခါ လူအများက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တတ်ကြသည်။

လူ့ခန္ဓာကိုယ်သည် စွမ်းအင်ကို အလွယ်တကူ ဖြုန်းပစ်ရန်ထက် သိမ်းဆည်းထားရန် ပိုမိုအဆင်ပြေအောင် ရှင်သန်လာခဲ့သည့် ဇီဝစနစ်တစ်ခုဖြစ်သည်။ ယနေ့ခေတ်တွင် အစားအစာရရှိရန် ယခင်ခေတ်ကလို မခက်ခဲပေ။ ကယ်လိုရီများသော အစားအစာ၊ အချိုရည်၊ အချိုအဆိမ့်များကို အလွယ်တကူ ရနိုင်သည်။ တစ်ဖက်တွင်လည်း လမ်းလျှောက်ရမှုနည်းလာပြီး ထိုင်နေရသည့်အချိန် ပိုများလာသည်။ ထိုပတ်ဝန်းကျင်တွင် ဝိတ်တက်ရန်လွယ်ပြီး ဝိတ်ကျရန်နှင့် ကျပြီးသားဝိတ်ကိုထိန်းရန်က ပိုခက်သည်။

လူတစ်ဦး ဝိတ်ကျသွားသည့်အခါ ယခင်ထက် ခန္ဓာကိုယ်အရွယ်အစားသေးသွားသဖြင့် နေ့စဉ်လိုအပ်သည့် စွမ်းအင်ပမာဏလည်း လျော့နည်းလာသည်။ ဥပမာ ယခင်က ကိုယ်အလေးချိန် ၉၀ ကီလိုရှိစဉ်က လိုအပ်သည့် စွမ်းအင်ပမာဏနှင့် ၈၀ ကီလိုဖြစ်သွားသည့်အချိန် လိုအပ်သည့်ပမာဏ တူညီမနေတော့ပေ။ ထို့ကြောင့် ဝိတ်မချခင်က စားခဲ့သလောက် ပြန်စားပါက အရင်ဝိတ်ကိုပြန်တက်ရန်လွယ်လာသည်။

ဝိတ်ကျလာသည့်အခါ ဆာလောင်မှုနှင့် အစားစားချင်စိတ်ကို ထိန်းညှိပေးသည့် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်များလည်း ပြောင်းလဲနိုင်သည်။ အချို့သူများမှာ ယခင်ထက် ပိုဆာသလို ခံစားလာရတတ်သည်။ အစားအစာကို ပိုစိတ်ဝင်စားလာတတ်သည်။ ဝိတ်ချနေစဉ် အတင်းအကျပ်ရှောင်ထားခဲ့သည့် အစားအစာများကို ပိုစားချင်လာတတ်သည်။

လူအများက ဝိတ်ချရာမှာ ပေါင်ချိန်စက်ပေါ်က ကိုယ်အလေးချိန်ကိန်းဂဏန်းကိုသာ ကြည့်တတ်ကြသည်။ ငါးကီလိုကျသွားရင် ဝမ်းသာသည်။ ၁၀ ကီလိုကျသွားရင် ပိုဝမ်းသာသည်။ သို့သော် ကျသွားသည့် ၁၀ ကီလိုထဲတွင် "ဘာတွေပါသွားသလဲ"ဆိုတာကို မေးရန်လိုသည်။ ဝိတ်ချရာတွင် အဓိကလျှော့ချချင်သည်က အဆီပိုများဖြစ်သည်။ အစာအလွန်အကျွံလျှော့စားပြီး ပရိုတင်းလုံလောက်မှုမရှိခြင်း၊ ကြွက်သားအသုံးပြုသည့် လေ့ကျင့်ခန်းမလုပ်ခြင်းတို့ကြောင့် အဆီနှင့်အတူ ကြွက်သားပါလျော့နိုင်သည်။ အထူးသဖြင့် အသက်ကြီးလာသူများတွင် ကြွက်သားဆုံးရှုံးမှုကို ပိုဂရုစိုက်သင့်သည်။ ကြွက်သားသည် လှပသော ခန္ဓာကိုယ်ပုံစံအတွက်သာ မဟုတ်ပေ။ လမ်းလျှောက်နိုင်ခြင်း၊ လှေကားတက်နိုင်ခြင်း၊ ပစ္စည်းများကိုသယ်နိုင်ခြင်း၊ လဲကျမှုကို ကာကွယ်နိုင်ခြင်းနှင့် အသက်ကြီးလာသည့်အခါ ကိုယ့်အားကိုယ်ကိုး နေထိုင်နိုင်ခြင်းတို့အတွက် အရေးကြီးသည်။ ထို့ကြောင့် ဝိတ်ချနေသူများအတွက် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းကဲ့သို့ အေရိုးဗစ်လေ့ကျင့်ခန်းများသာမက မိမိအသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေကိုလိုက်၍ အကြောလျှော့လေ့ကျင့်ခန်းနှင့် ကြွက်သားအားကောင်းစေသည့် လေ့ကျင့်ခန်းများကိုပါ ထည့်သွင်းပြုလုပ်ပေးသင့်သည်။




နောက်ထပ် အလွန်အရေးကြီးသည့်အရာတစ်ခုက ဝိတ်ကျသွားသည့်နေ့ကို ခရီးဆုံးရောက်သည့်နေ့ဟုထင်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ ဝိတ်ကျသွားသည့်နေ့သည် ခရီးဆုံးမဟုတ်ပေ။ ခရီးတစ်ဝက်ပဲ ရောက်သေးခြင်းဖြစ်နိုင်သည်။ ပထမပိုင်းက ဝိတ်ချရသည့်ခရီးဖြစ်ပြီး ဒုတိယပိုင်းက ကျပြီးသားဝိတ်ကို ရေရှည်ထိန်းထားရသည့်ခရီးဖြစ်သည်။ ဥပမာ လူတစ်ဦးက ခြောက်လကြာ အစားအသောက်ထိန်းပြီး လေ့ကျင့်ခန်းလုပ်ကာ ၁၀ ကီလိုလျှော့နိုင်ခဲ့သည်ဆိုပါစို့။ လိုချင်သည့် ဝိတ်ရောက်သည့်နေ့ကစပြီး အရင်အတိုင်းပြန်စား၊ လေ့ကျင့်ခန်းရပ်လိုက်လျှင် ခြောက်လကြာ တည်ဆောက်ခဲ့သည့် အလေ့အထကို ကိုယ်တိုင်ပြန်ဖျက်လိုက်သလို ဖြစ်နိုင်သည်။ ဝိတ်ချနေစဉ် စားခဲ့သည့်ကျန်းမာသော အစားအသောက် ပုံစံ၊ လှုပ်ရှားမှုနှင့် အိပ်စက်မှုပုံစံတို့သည် ဝိတ်ကျသည်ထိ လုပ်ရမည့်အရာများ မဟုတ်ဘဲ နောက်ပိုင်းဘဝတွင်လည်း အတိုင်းအတာတစ်ခုထိ ဆက်လက်ထိန်းသိမ်းရမည့် အလေ့အထများဖြစ်သည်။

အိပ်ရေးဝဝအိပ်ခြင်းသည်လည်း ဝိတ်ထိန်းခြင်းနှင့် ဆက်စပ်နေသည်။ ညတိုင်း အိပ်ချိန်နည်းနေသူတစ်ဦးကို စဉ်းစားကြည့်ပါ။ မနက်အိပ်ရာထလျှင် ပင်ပန်းနေသဖြင့် လေ့ကျင့်ခန်းမလုပ်ချင်တော့ပေ။ နေ့လယ်ပိုင်းတွင် အားမရှိသလို ခံစားရပြီး ကော်ဖီချိုချို၊ အချိုရည် သို့မဟုတ် မုန့်အချိုတစ်ခုခု စားချင်လာနိုင်သည်။ ညနေပိုင်းတွင်လည်း ပင်ပန်းနေသည့်အတွက် ကိုယ်တိုင်ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာ ပြင်ဆင်စားဖို့ထက် အလွယ်ရသည့် အစားအစာကို ရွေးမိနိုင်သည်။

အိပ်ရေးမဝခြင်းသည် ဆာလောင်မှုနှင့် အစားစားချင်စိတ်ကို ထိန်းညှိသည့်စနစ်များကိုလည်း သက်ရောက်နိုင်သည်။ ထို့ကြောင့် ဝိတ်ချလိုသူနှင့် ဝိတ်ထိန်းလိုသူများအတွက် အိပ်ရေးဝဝအိပ်ခြင်းကို အစားအသောက်နှင့် လေ့ကျင့်ခန်းလောက်ပင် အလေးထားသင့်သည်။

စိတ်ဖိစီးမှုကိုလည်း မေ့ထား၍မရပေ။ လူတိုင်း ဗိုက်ဆာမှစားကြခြင်းမဟုတ်ပေ။ တချို့က စိတ်ညစ်၍စားသည်။ တချို့က ပျင်း၍စားသည်။ တချို့က အလုပ်ပင်ပန်း၍ ကိုယ့်ကိုယ်ကိုယ် ဆုချသည်ဆိုပြီး စားသည်။ တချို့က စိတ်ဖိစီးမှုများသည့်ညတိုင်း အချို၊ အဆီနှင့် ကယ်လိုရီများသော အစားအစာများကို ရှာစားတတ်သည်။ ထိုအရာကို စိတ်ခံစားမှုကြောင့် အစာစားခြင်းဟုခေါ်လေ့ရှိသည်။ ထို့ကြောင့် ဝိတ်ပြန်တက်လာသည့်အခါ "ငါဘာတွေ စားနေသလဲ" ဆိုတာ တစ်ခုတည်းကိုသာမကြည့်ဘဲ "ဘာကြောင့် စားနေသလဲ"ဆိုတာကိုပါ ပြန်ကြည့်ရန်လိုသည်။

ထို့ပြင် စားမိသောကယ်လိုရီကို သတိထားမိသော်လည်း သောက်သည့်ကယ်လိုရီကိုလည်း လူအများ မေ့တတ်ကြသည်။ အချိုရည်၊ သကြားများသော ကော်ဖီ၊ လက်ဖက်ရည်အချို၊ နို့နှင့်သကြားများစွာပါသော အဖျော်ယမကာများသည် ဗိုက်ပြည့်စေမှုနည်းသော်လည်း ကယ်လိုရီများ ရရှိစေနိုင်သည်။ "ငါအစားသိပ်မစားပါဘူး"ဟု ထင်နေသော်လည်း နေ့စဉ်သောက်နေသည့် အဖျော်ယမကာများမှ ကယ်လိုရီအများအပြား ရနေခြင်းလည်း ဖြစ်နိုင်သည်။

ဒါဆို ဝိတ်ပြန်မတက်အောင် ဘယ်လိုလုပ်ရမလဲ။ အလွန်ရှုပ်ထွေးသော လျှို့ဝှက်ချက်မရှိပါ။ မိမိရေရှည်လုပ်နိုင်သည့် အလေ့အထကို တည်ဆောက်ရမည်။

ထမင်းကို တစ်သက်လုံးမစားဘဲ နေနိုင်မည် မဟုတ်လျှင် ထမင်းလုံးဝဖြတ်ရန် မလိုပါ။ ပမာဏကို ထိန်းနိုင်သည်။ မုန့်အချိုကို တစ်သက်လုံးမစားဘဲ နေနိုင်မည်မဟုတ်လျှင် ဘယ်တော့မှမစားတော့ဘူးဟု သတ်မှတ်ဖို့ထက် စားသည့်အကြိမ်နှင့် ပမာဏကို ထိန်းနိုင်ရန် သင်ယူသင့်သည်။

ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အမျှင်ဓာတ်ပါသော အစားအစာနှင့် ပရိုတင်းဓာတ်ရင်းမြစ်များကို သင့်တင့်မျှတစွာစားပြီး အချိုရည်၊ အချိုအဆိမ့်နှင့် အလွန်အကျွံပြုပြင်ထားသည့် အစားအစာများကို လျှော့စားနိုင်သည်။ အရေးကြီးသည်က Perfect Diet တစ်ခု မဟုတ်ပါ။ ဆက်လုပ်နိုင်သည့် Diet ဖြစ်သည်။

လေ့ကျင့်ခန်းမှာလည်း အတူတူပင်ဖြစ်သည်။ ဝိတ်ချချင်သဖြင့် တစ်ရက်နှစ်နာရီ Gym သွားပြီး တစ်လကြာတော့ လုံးဝရပ်သွားခြင်းထက် တစ်နေ့ မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်းကို နှစ်နှင့်ချီပြီး ဆက်လုပ်နိုင်ခြင်းက ပိုအကျိုးရှိနိုင်သည်။ မိမိနှစ်သက်သော ကိုယ်လက်လှုပ်ရှားမှုကို ရွေးချယ်သင့်သည်။ လမ်းလျှောက်ခြင်းဖြစ်စေ၊ စက်ဘီးစီးခြင်းဖြစ်စေ၊ ရေကူးခြင်းဖြစ်စေ၊ ကခုန်ခြင်းဖြစ်စေ၊ အားကစားတစ်မျိုးမျိုးဖြစ်စေ ရေရှည်ဆက်လုပ်နိုင်ရန်က အရေးကြီးသည်။

ဝိတ်ပြန်တက်မတက်ကို စောင့်ကြည့်ရာတွင်လည်း ချိန်ခွင်ကို ရန်သူတစ်ယောက်လို မမြင်သင့်ပေ။ ကိုယ်အလေးချိန်သည် ရေဓာတ်၊ စားထားသည့်အစားအစာ၊ ဆားစားသုံးမှုနှင့် အခြားအကြောင်းများကြောင့် နေ့စဉ်အနည်းငယ်အတက်အကျ ရှိနိုင်သည်။ ထို့ကြောင့် တစ်ရက်အတွင်း ဝိတ်နည်းနည်းတက်ခြင်းကိုမြင်ပြီး စိတ်ပျက်ရန်မလိုပေ။

ကြည့်ရမှာက ရေရှည်လမ်းကြောင်းဖြစ်သည်။ တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လ တဖြည်းဖြည်းတက်လာသလားဆိုတာ သတိထားသင့်သည်။ ဝိတ်အနည်းငယ်ပြန်တက်လာချိန်မှာ အစားအသောက်နှင့် လှုပ်ရှားမှုပုံစံကို ပြန်လည်ညှိယူရတာ လွယ်သည်။ ဝိတ်အများကြီးပြန်တက်ပြီးမှ ပြန်ချခြင်းထက် စောစောသတိထားခြင်းက ပိုကောင်းသည်။ အရေးကြီးဆုံးကတော့ ဝိတ်နည်းနည်း ပြန်တက်လာသည်နှင့် အားလုံးပျက်သွားပြီဟု မယူဆရန်ဖြစ်သည်။

အားလပ်ရက်တစ်ရက်မှာ ပိုစားမိသည်နှင့် ဝိတ်ချခြင်းတစ်ခုလုံးမပျက်ပေ။ ခရီးထွက်သဖြင့် တစ်ပတ်လောက် လေ့ကျင့်ခန်းမလုပ်ဖြစ်သည်နှင့် အားလုံးဆုံးရှုံးသွားသည်မဟုတ်ပေ။ ပွဲတစ်ခုမှာ မုန့်အချိုစားမိသည်နှင့် မိမိ၏ကျန်းမာရေးခရီးစဉ် အဆုံးသတ်သွားသည် မဟုတ်ပေ။ အရေးကြီးသည်က နောက်တစ်နပ်မှာ ပုံမှန်ပြန်စားနိုင်ရန်၊ နောက်တစ်နေ့မှာ ပြန်လှုပ်ရှားနိုင်ရန်ဖြစ်သည်။

ဝိတ်ထိန်းရာတွင် အောင်မြင်သူများသည် ဘယ်တော့မှ မလွဲမှားသူများ မဟုတ်ပေ။ လွဲသွားသည့်အခါ အလေ့အထကောင်းများဆီ ပြန်ရောက်လာနိုင်သူများဖြစ်သည်။

ဝိတ်ချခြင်း၏အောင်မြင်မှုကို ချိန်ခွင်ပေါ်က ကိန်းဂဏန်းတစ်ခုတည်းနှင့် မဆုံးဖြတ်သင့်ပေ။ ခါးပတ်လည် လျော့လာသလား။ သွေးပေါင်ပိုကောင်းလာသလား။ သွေးချိုနှင့် သွေးတွင်းအဆီ ပိုကောင်းလာသလား။ လှေကားတက်ရင် အရင်လောက် မမောတော့ဘူးလား။ လမ်းပိုလျှောက်နိုင်လာသလား။ ဒူးနာသက်သာလာသလား။ ညဘက် ပိုအိပ်ပျော်လာသလား။ ကိုယ့်ခန္ဓာကိုယ် ပိုသန်မာလာသလား။ ထိုအရာတွေအားလုံးက ဝိတ်ချခြင်း၏ အောင်မြင်မှုများဖြစ်သည်။

ဝိတ်ချခြင်းသည် ပြိုင်ပွဲတစ်ခုမဟုတ်ပေ။ ဘယ်သူက အမြန်ဆုံး ၁၀ ကီလိုကျသလဲဆိုတာ အရေးမကြီးပေ။ ကျသွားသည့်ဝိတ်ကို ကျန်းကျန်းမာမာနှင့် မည်မျှကြာအောင် ထိန်းထားနိုင်သလဲ ဆိုတာက ပိုအရေးကြီးသည်။

ထို့ကြောင့် ဝိတ်ချမည့်သူတိုင်း ကိုယ့်ကိုယ်ကိုယ်မေးကြည့်သင့်သည်။ "ဒီနည်းနဲ့ သုံးလအတွင်း ဘယ်နှကီလို ကျမလဲ"ဟု မမေးခင် "ဒီလိုစားတာ၊ ဒီလိုလှုပ်ရှားတာကို နောက်သုံးနှစ်၊ ငါးနှစ်ထိ ဆက်လုပ်နိုင်မလား"ဟု အရင်မေးကြည့်ပါ။ "ဆက်လုပ်နိုင်တယ်"ဆိုရင် ထိုနည်းလမ်းသည် ရေရှည်အောင်မြင်နိုင်မည့် နည်းလမ်းတစ်ခု ဖြစ်လာနိုင်သည်။

ဝိတ်ကျသွားသည်က အောင်မြင်မှု၏ အစပဲရှိသေးသည်။ ကျန်းမာသော ကိုယ်အလေးချိန်ကို ရေရှည်ထိန်းထားနိုင်ခြင်းကသာ တကယ့်အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တရုတ်အမျိုးသားနေ့နှင့် ဆောင်းဦးလယ်ပွဲတော်အထိမ်းအမှတ် တရုတ်စာပေလက်ရေးလှလက်ရာပြပွဲနှင့် ဆောင်းဦးလယ်လမုန့်ပွဲတော်ကဗျာစာဆိုပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၃**

တရုတ်အမျိုးသားနေ့နှင့်ဆောင်းဦးလယ်ပွဲတော် အထိမ်းအမှတ် တရုတ်စာပေလက်ရေးလှ လက်ရာပြပွဲနှင့် ဆောင်းဦးလယ်လမုန့်ပွဲတော်ကဗျာစာဆိုပွဲကို စက်တင်ဘာ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်စာပေလက်ရေးလှလက်ရာပြပွဲနှင့် ဆောင်းဦးလယ်လမုန့်ပွဲတော် ကဗျာစာဆိုပွဲကို ရန်ကုန် တရုတ်ယဉ်ကျေးမှုစင်တာ၊ မြန်မာနိုင်ငံ တရုတ်စာပန်းချီနှင့် ပန်းချီအသင်း၊ မြန်မာနိုင်ငံ တရုတ်နွယ်ဖွား အမျိုးသမီးများအသင်းတို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ၇၇ နှစ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ ယဉ်ကျေးမှုကို ပေါင်းကူးသဖွယ် အခြေပြုပြီး တရုတ်ရိုးရာတွေကို မိတ်ဆက်တာ၊ မြန်မာ – တရုတ် ယဉ်ကျေးမှု ဖလှယ်တာတွေကို ဆောင်ရွက်ရင်း နှစ်ပေါင်းထောင်ချီ သမိုင်းရှိတဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနဲ့ ကံကြမ္မာအကျိုးတူ အသိုက်အဝန်းတည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ မစ္စတာ ဟန်ကျားကျွင်းက ပြောပြသည်။

ဆောင်းဦးလယ်လမုန့်ပွဲတော် ကဗျာစာဆိုပွဲတွင် တရုတ်စာပေ ပန်းချီလက်ရာများ၊ တရုတ်အမျိုးသားနေ့ကိုဂုဏ်ပြုသည့် အထိမ်းအမှတ် ကဗျာများ၊ ဆောင်းဦးလယ် လမုန့်ပွဲတော်အငွေ့အသက်များနှင့် တရုတ်စာပေအနှစ်သာရများကို ခင်းကျင်းပြသထားကြောင်း သိရသည်။

ထို့ပြင် တရုတ်စာပေလက်ရေးလှလက်ရာပြပွဲနှင့် ဆောင်းဦးလယ် လမုန့်ပွဲတော် ကဗျာစာဆိုပွဲတွင် တရုတ်ယဉ်ကျေးမှုရိုးရာအကအလှများ၊ တေးသီချင်းများ၊ ကဗျာများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြကြောင်း၊ အဆိုပါ တရုတ်ရိုးရာ ဆောင်းဦးလယ် လမုန့်ပွဲတော်သည် တရုတ်လူမျိုးများ၏ အရေးပါသည့် ရိုးရာပွဲတော်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

ASH

# We Could Be Heroes ဇာတ်ကား၌ သရုပ်ဆောင် လေးဦး ပါဝင်သရုပ်ဆောင်နေ

**အော့တဝါ စက်တင်ဘာ ၁၃**

We Could Be Heroes အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားသစ်၌ မင်းသား ရွန်ပေါမင်း၊ ပီတာ ဖာမီနယ်လီ၊ မော့အီလီယာ့နှင့် မင်းသမီး ဆာရီနာဝန်တို့ ပါဝင်သရုပ်ဆောင်နေကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

We Could Be Heroes ဇာတ်ကားသည် အလွန်ရှုပ်ထွေးသည့် ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည့် စုံထောက်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသအက်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကနေဒါနိုင်ငံ အွန်မာရီယိုပြည်နယ်၌ ရိုက်ကူးလျက်ရှိရာ မကြာမီကာလအတွင်း ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးမည်ဖြစ်သည်။

We Could Be Heroes ဇာတ်ကားကို ဒါရိုက်တာ ပေါအမ်မာမီက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား မော့အီလီယာ့က တာဝန်ယူရေးသားပေးထားခြင်းဖြစ်ကြောင်း သိရသည်။

We Could Be Heroes ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Henry Bar ၌ ပြုလုပ်မည်




**ရန်ကုန် စက်တင်ဘာ ၁၃**

တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂၅ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Henry Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်ထံမှ သိရသည်။

အဆိုပါတေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နီနီခင်ဇော်၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ Secret Pieces Dance Crew ကလည်း အကောင်းဆုံးကကြိုးကကွက်များဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ပရိသတ်အကြိုက် သီချင်းကောင်းများစွာကို စက်တင်ဘာ ၂၅ ရက်မှာ အပြည့်အဝခံစားရမှာဖြစ်ပါတယ်။ နီနီနဲ့အတူ Secret Pieces Dance Crew ရဲ့ Perfor-mance အမိုက်စားတွေကို လုံးဝမမေ့နိုင်တဲ့ ညတစ်ညဖြစ်လာမှာ သေချာပါတယ်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Henry Bar တွင် စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# The Inbetweeners-3 ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်း Netflix ကုမ္ပဏီစတင်

**လန်ဒန် စက်တင်ဘာ ၁၃**

Netflix ရုပ်ရှင်ကုမ္ပဏီသည် The Inbetweeners-3 ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

Netflix ကုမ္ပဏီသည် The Inbetweeners-3 ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်တွင် ဗြိတိန်နိုင်ငံ၌ စတင်နေပြီဖြစ်သည်။


အဆိုပါဇာတ်ကားတွင် ယခင် The Inbetweeners ဇာတ်ကားများ၌ပါဝင်ခဲ့သည့် မင်းသား ဆိုင်မွန်ဘာ့၊ ဂျိမ်းဘက်ကလေ၊ ဘလိတ်ဟာရီဆင်နှင့် ဂျို့သောမတ်တို့ ပြန်လည်ပါဝင်လာကြောင်း သိရသည်။

The Inbetweeners-3 ဇာတ်ကားကို ဒါရိုက်တာ ဒါမွန်ဘီးစလေနှင့် အိန်းမောရစ်တို့က တာဝန်ယူရိုက်ကူးနေပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းတို့ကိုယ်တိုင် ရေးသားပေးထားသည်။

The Inbetweeners-1 နှင့် 2 ကို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သည်။

The Inbetweeners-3 ဇာတ်ကားသစ် စတင်ပြသမည့်ရက်ကို Netflix ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၃**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၁၂ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရုပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)၌ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ်အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေရှိပါတယ်။ လက်ရှိ သက်ကြီး ကန်တော့ခံတွေက လူဦးရေ တိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေ ရှိပါတယ်။ အချို့ကွယ်လွန်သွားတဲ့သူတွေရှိသလို ထပ်တိုးလာတဲ့သူတွေလဲ ရှိပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြသည်။

ASH

# News release: Arrest and legal action taken against ring leaders (senior agents) of illegal online gambling operations

**Record photo of arrested online gambling Senior Agent Phyo Theingi.**



**Phyo Theingi, 31, daughter of U Kyi Min**

**Record photo of arrested online gambling Senior Agents Kyaw Soe Lin and Yin Yin Nu.**



**Kyaw Soe Lin, 46, son of U Aung Than**



**Yin Yin Nu, 49, daughter of U Mya Thein (Deceased)**

**Record photo of arrested online gambling Senior Agent Hnin Wutyi Kyaw and three suspects.**



**Hnin Wutyi Kyaw**



**Kaung Khant Nyi**



**Chit Hnin Wai**



**Zin Nyein Thu**

**Nay Pyi Taw September 13**

While the Government prioritizes national peace and stability, the rule of law, and domestic economic stability, certain unscrupulous individuals have established online gambling websites, advertised them on social media platforms, and provided illicit services to facilitate online gambling, leading some members of the public to participate. Engaging in such gambling activities has caused financial losses, moral decay, secondary crimes, and even suicides, negatively impacting the socio-economic lives of the public.

To entice more people to gamble online, operators established tiered agent levels to manage operations, recruit users, and expand their gambling networks. Consequently, authorities focused efforts on apprehending the primary high-level agents orchestrating these operations. Following tip-offs from civic-minded citizens, security personnel carried out targeted operations across multiple locations. On September 2, 2026, Phyo Theingi, a Senior Agent of the "Ibet 789" platform, was arrested at Yangon International Airport in possession of two mobile phones. On the same day, Senior Agent Hnin Wutyi Kyaw, along with three accomplices, was apprehended at House No. 670, Ward (5), PyinOoLwin, Mandalay Region, where authorities seized eight mobile phones, one laptop, one tablet, and one vehicle. The crackdown continued on September 4, leading to the arrest of Senior Agent Kyaw Soe Lin at the Mandarin Hotel in Yay Oak Kan Ward, Hlinethaya Township, along with two mobile phones and two vehicles. Additionally, Senior Agent Yin Yin Nu was arrested at No. 66/A, Lan Thit (1) Street, Anawmar (1) Ward, Thakayta Township, with one mobile phone seized.

According to confessions obtained from the suspects, Phyo Theingi had worked as an online gambling agent since 2023 across the "Ibet 789", "555 Mix", and "Sports Xzone" websites. Hnin Wutyi Kyaw had served as an agent for "Ibet 789" since 2022, assisted by Kaung Khant Nyi, Chit Hnin Wai, and Zin Nyein Thu. Kyaw Soe Lin started working as an "Ibet 789" agent in 2021 before expanding his operations to include "Sport 899" and "555 Mix" in 2024, while his wife, Yin Yin Nu, had also been operating as a Senior Agent since 2023.

In total, seven suspects—two males and five females—were apprehended alongside 13 mobile phones, one laptop, one tablet, and three vehicles used in the operations. Legal proceedings are underway to take effective action against the perpetrators. Authorities will continue investigations to dismantle remaining networks and arrest other agent ringleaders, urging members of the public to report any information regarding online gambling agents confidentially to relevant security agencies.

100

# Plan underway to grow more than 24,000 acres of wheat in Wetlet Township

**Wetlet September 13**

Wetlet Township Agriculture Department in Sagaing Region stated that local authorities set plans to grow 24,557 acres of wheat in Wetlet Township in coming cold season.

For the 2026-2027 winter crop cultivation season, Wetlet Township has earmarked 24,557 acres for wheat cultivation. Wheat is normally sown in October, November and December each year and harvested in February, March and April, according to the Wetlet Township Agriculture Department.

"This year, more than 20,000 acres of wheat have been targeted for cultivation during the coming winter crop season in Wetlet Township. We will make efforts to meet the targeted acreage. We will also conduct awareness-raising and discussions with farmers on wheat cultivation. To increase wheat yields, we will provide guidance on irrigation, fertilizer application rates and weed control. We will also promote the use of quality and pure seed varieties to increase wheat production," said Daw Kyin San, Head of the Wetlet Township Agriculture Department.

In Wetlet Township, measures will be undertaken during the crop cultivation season to ensure that all winter crops are planted to their targeted acreages, improve wheat yields, systematically cultivate and produce quality wheat, and prevent pest infestations.

The cost of cultivating one acre of wheat is approximately K300,000, with an average yield of 21 baskets per acre.

The Wetlet Township Agriculture Department will provide training and awareness programmes for wheat farmers to increase yields, facilitate access to quality and pure seed varieties, and sell urea fertilizer to farmers at affordable prices.

206



**A thriving wheat plantation.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pantanaw Township dispatches large volume of paddy to Yangon market in August



A pile of harvested paddy seen in a field.

**Pantanaw September 13**

Daw Moe Thuza, the owner of rice and paddy trading depot in Pantanaw Township of Ayeyawady Region, said that local merchants sent a large volume of Hnankar variety of paddy to Yangon market in August.

Pantanaw Township exported up to 40,000 baskets of Hnankar variety paddy to the Yangon market during July, while exports increased to as many as 55,000 baskets during the one-month period in August. The Hnankar paddy was priced at up to K1,570,000 per 100 baskets, according to local rice traders.

"Pantanaw Township mainly exports agricultural produce to the Yangon and Pathein markets. More paddy was transported and sold in August than in July. As the trading of paddy and rice has improved, people involved in agricultural produce transportation and related businesses have gained employment opportunities, while those storing paddy have also benefited," said Daw Moe Thuza, an owner of a rice and paddy trading depot in Pantanaw Township.

Businesspeople in Pantanaw Township systematically purchase and collect agricultural produce, including Hnankar paddy, and mainly transport and sell it to the Yangon market through links with Yangon-based traders. The produce is also distributed and sold to other areas, according to local sources.

Kyaw Kyaw Lin

# Farmers from Myaung Township arrange cultivation of more than 7,000 acres of chickpea

**Myaung September 13**

Local farmers decided to grow more than 7,000 acres of chickpea as cold season crops in Myaung Township of Sagaing Region, according to the township Agriculture Department.

For the 2026-2027 winter crop cultivation season, Myaung Township has earmarked 7,920 acres for chickpea cultivation. Cultivation will begin in October this year and continue through December, according to the Myaung Township Agriculture Department.

"This year, more than 7,000 acres of chickpeas have been targeted for cultivation during the coming winter crop season in Myaung Township. We will make efforts to ensure that the targeted acreage is met. Chickpea cultivation has been increasing year by year. To improve the yield and quality of pulses, we will work together with farmers to provide the necessary quality and pure seeds, agricultural inputs and post-harvest technology training," said U Myint Thu, Head of the Myaung Township Agriculture Department.

In chickpea cultivation, farmers select and grow Yezin-8 and Yezin-11 varieties, which are well suited to local conditions and produce good yields. The cost of cultivating one acre of chickpeas is more than K300,000, according to the department.

During this year's winter crop cultivation season, the respective Agriculture Departments are working together with farmers to provide the necessary quality and pure seeds, agricultural inputs and post-harvest technology training to improve the yield and quality of various pulse crops. They will also conduct awareness-raising activities and link extension farmers with farmers to promote the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region is the region with the largest area under pulse cultivation and production in Myanmar. As pulses can be cultivated as major crops as well as in multiple-cropping and intercropping systems, farmers grow them as income-generating crops, according to the department.

206

# Dried chilli selling well at dometic market in Kyonpyaw Township

**Kyonpyaw September 13**

Daw Nyo Myint, the owner of foodstuff trading depot in Kyonpyaw Township of Ayeyawady Region, said that local merchants are trading dried chilli in Kyonpyaw Township.

Dried chilli has been selling well in Kyonpyaw Township from the first week of September this year to date. As it is currently the peak season for dried chilli in the area, the price is ranging from K15,500 to K18,500 per viss, according to local traders.

"Dried chilli is selling well. In this area, we have found that two varieties of dried chilli produced by local farmers are particularly in demand. The dried chilli currently being traded was purchased and stored during the summer. As dried chilli is now selling well, farmers are receiving good prices for their produce, while agricultural workers are also benefiting. This year, fewer farmers cultivated chilli than last year, while demand has increased in both the local market and the Yangon market, resulting in good trading," said Daw Nyo Myint, an owner of a foodstuff trading depot in Kyonpyaw Township.

Dried chilli produced by farmers in Kyonpyaw Township is of good quality and is free from pest and disease infestations and mould. As demand for locally produced dried chilli has increased, both chilli growers and agricultural workers are benefiting, according to local sources.

Kyaw Kyaw Lin

# Iran, Oman agree on details of Hormuz Strait's new entry, exit routes

**Doha September 13**

Iran and Oman have agreed on the details of new entry and exit routes for the Strait of Hormuz and will brief Gulf countries on the outcome of their consultations at a regional meeting in Muscat on Monday, Iranian officials said on Saturday.

Citing a source close to Iran's negotiating team, the semi-official Tasnim news agency said that the understanding was reached after "intensive technical and diplomatic talks between Iran and Oman, which culminated in a final agreement in late August."

Under the understanding, the Gulf's entry route "lies entirely within Iran's territorial waters," and a portion of the exit route also falls "within Iranian territorial waters," the source said.

The source stressed that the route would operate under Iranian arrangements and the waterway's southern route will be closed once the new system becomes operational, noting that the United States had insisted that the southern route must be opened.

"The understanding in no way means that the Strait of Hormuz will be opened," the source said, adding that Iran has seven conditions for reopening the waterway and has conveyed them to the United States.

The source underlined that the waterway will remain closed unless those conditions are implemented, with reopening depending entirely on the U.S. behavior.

Xinhua

# At least 6 dead in Indonesia passenger vessel accident, with 130 missing

**Jakarta September 13**

At least six people have died after a passenger vessel lost contact in Indonesia's Java Sea, while 130 remain missing and 107 others have been rescued, the country's National Search and Rescue Agency said Sunday.

Indonesian Minister of Transportation Dudy Purwagandhi said at a press conference later Sunday afternoon that, based on observations by a helicopter crew, the vessel had capsized but had not sunk. The cause of the accident remains under investigation.

The country's search and rescue agency had earlier said that the vessel had sunk.

The Chinese Consulate General in Surabaya confirmed to Xinhua that there were no Chinese nationals aboard the ship, citing information verified with relevant authorities of the Surabaya city government.

The passenger ship, Virgo Transport 8, was carrying 243 people when it lost contact at around 2:00 a.m. local time on Sunday after encountering bad weather, according to the search and rescue agency.

The vessel had departed from Surabaya in East Java province on Saturday and was heading to Banjarmasin in South Kalimantan province.

The cause of the accident remains unclear. Indonesian search and rescue authorities have deployed personnel, ships and a helicopter to waters near the vessel's last known position to conduct search and rescue operations.

Xinhua

# အမေရိကန်လေတပ်က မြေပြင်အခြေစိုက် ပြောင်းအချင်းအလယ်အလတ်အမြောက်စနစ်များ တီထွင်ထုတ်လုပ်ရန်စီစဉ်



အမေရိကန်လေတပ်သည် စစ်အခြေစိုက်စခန်းများ၏ ဒုံးကျည်နှင့် ဒရုန်းကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် မြေပြင်အခြေစိုက် ပြောင်းအချင်းအလယ်အလတ် အမြောက်စနစ်များ တီထွင်ထုတ်လုပ်ရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစီမံကိန်းတွင် ကုန်ကျစရိတ်သက်သာသော ခဲယမ်းများအသုံးပြု၍ ဝင်ရောက်လာသည့် Cruise Missile များနှင့် Group 1 မှ Group 5 ထိရှိသော မောင်းသူမဲ့လေယာဉ်စနစ်များ(UAS)ကို တားဆီးနိုင်သည့် နည်းပညာများ လိုအပ်သည်။

အဆိုပါ နည်းပညာများသည် အစိတ်အပိုင်းများကို လိုအပ်သလို ပြောင်းလဲတပ်ဆင်နိုင်ခြင်း၊ သယ်ယူရွှေ့ပြောင်းနိုင်ခြင်းတို့ဖြင့် တည်ဆောက်ထားပြီး ကြိမ်းတမ်းခက်ခဲသော ပတ်ဝန်းကျင်များတွင် အချိန်တိုအတွင်းအလျင်အမြန်ဖြန့်ကြက်တပ်ဆင်နိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါစနစ်များသည် ခဲယမ်း၏ စွမ်းဆောင်ရည်၊ ခဲယမ်းကုန်ကျစရိတ်နှင့် အမြောက်စနစ်၏ စွမ်းဆောင်ရည်တို့ကြား အကောင်းဆုံးချိန်ညှိနိုင်ရမည်ဟု အမေရိကန်လေတပ်က အလေးပေးဖော်ပြထားသည်။

အဆိုပါချဉ်းကပ်မှု၏ ရည်ရွယ်ချက်မှာ ကြားဖြတ်တိုက်ခိုက်ရေးစနစ်၏ ရွေ့လျားသွားလာနိုင်စွမ်းနှင့် နောက်ဆုံးအဆင့် ပစ်မှတ်ဖျက်ဆီးနိုင်စွမ်းတို့ကို အမြင့်ဆုံးထိမြှင့်တင်ရန်ဖြစ်ပြီး တစ်ကြိမ်ပစ်ခတ်တိုက်ခိုက်မှုအတွက် ကုန်ကျစရိတ်သည် ရေရှည်တည်တံ့နိုင်မှုမရှိသည့်အဆင့်ထိ မြင့်တက်သွားခြင်း သို့မဟုတ် တပ်ဆင်အသုံးပြုမည့်ယာဉ်များ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွန်သွားခြင်းမရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်က အသုံးပြုမည့်အမြောက်၏အရွယ်အစားကို တိတိကျကျသတ်မှတ်ထားခြင်း မရှိသေးသော်လည်း လက်ရှိစံသတ်မှတ်ထားသည့် အလတ်စားအရွယ်အစား စစ်သုံးအမြောက်များမှာ မီလီမီတာ ၂၀ မှ မီလီမီတာ ၅၀ ထိရှိကြောင်း သိရသည်။

စိတ်ဝင်စားသည့် ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် အဆိုပြုချက်များကို ယခုနှစ် အောက်တိုဘာလဆန်းပိုင်းထိ တင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်သည် အမေရိကန်လေတပ်အတွက် အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး ယခင်က မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးအတွက် အမေရိကန်ကြည်းတပ်၏ လက်နက်စနစ်များကို အဓိကအားထား အသုံးပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသ၌ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်းပေါ်ပေါက်ခဲ့သော ကာကွယ်ရေးဆိုင်ရာအားနည်းချက်များကို ဖြေရှင်းရန် အမေရိကန်အစိုးရ၏ ပိုမိုကျယ်ပြန့်သည့် ကြိုးပမ်းမှု တစ်ရပ်လည်းဖြစ်သည်။ အဆိုပါပဋိပက္ခများအတွင်း ကုန်ကျစရိတ်မြင့်မားသည့် ကြားဖြတ်ဒုံးကျည်များကို အသုံးပြု၍ ကုန်ကျစရိတ်နည်းပါးသော တိုက်ခိုက်ရေးဒရုန်းအုပ်စုများကို တားဆီးဖျက်ဆီးခြင်းသည် ရေရှည်တွင် အဆင်မပြေနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါကြိုးပမ်းမှုများအတွက် အမေရိကန်လေတပ်သည် ၂၀၂၇ ဘဏ္ဍာနှစ်ဘတ်ဂျက်အတွင်း Air Base Air Defense Systems Initiative အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် တောင်းခံထားသည်။ ၎င်းသည် ရှေ့တန်းလေကြောင်းစစ်ဆင်ရေးအခြေစိုက်ကွင်းများ၊ ဖြန့်ကြက်ထားသည့် လေတပ်အခြေစိုက်စခန်းများနှင့် အရေးပါသည့် လေကြောင်းအခြေခံအဆောက်အအုံများကို လေကြောင်းနှင့် ဒုံးကျည်တိုက်ခိုက်မှုများမှကာကွယ်နိုင်ရန် အလွှာလိုက်ကာကွယ်ရေး အကာအကွယ်တစ်ရပ်တည်ဆောက်သွားမည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

**US Air Force Plans Missile and Drone Defense Guns for Foreign Bases** ကို ဘာသာ ပြန်ဆိုထားပါသည်။

# ပိုလန်နိုင်ငံ WB Group ကုမ္ပဏီက တာဘိုဂျက်အင်ဂျင်သုံး Gladius 2 တိုက်ခိုက်ရေးဒရုန်းစနစ်သစ်ကို မိတ်ဆက်

ပိုလန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ WB Group သည် ရေဒါနှင့် အပူအမှတ်အသားများ လျှော့ချထားပြီး တာဘိုဂျက်အင်ဂျင်ဖြင့်မောင်းနှင်ကာ ပစ်မှတ်ဧရိယာအတွင်းသို့ မြန်နှုန်းမြင့်ဝင်ရောက်တိုက်ခိုက်နိုင်သည့် Gladius 2 တိုက်ခိုက်ရေးဒရုန်းစနစ်သစ်ကို မိတ်ဆက်ခဲ့ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစနစ်ကို Warmate 30 ဟုလည်းခေါ်ဆိုထားပြီး WB Group ကုမ္ပဏီ၏ လက်ရှိ Warmate တိုက်ခိုက်ရေးဒရုန်းများတွင် ထည့်သွင်းထားသည့် မျိုးဆက်သစ်စနစ်တစ်ရပ်ဖြစ်သည်။

Gladius 2 တိုက်ခိုက်ရေးဒရုန်းတွင် ပစ်မှတ်အလိုက် ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်သည့် အလေးချိန် ကီလိုဂရမ် ၃၀ ရှိ ထိပ်ဖူးခဲယမ်းတစ်မျိုးကို သယ်ဆောင်နိုင်ပြီး သဘော်တင်ကွန်တိန်နာအတွင်းမှ တိုက်ရိုက်လွှတ်တင်နိုင်သကဲ့သို့ အထူးပြုလွှတ်တင်ရေးယာဉ်မှလည်း လွှတ်တင်နိုင်ကြောင်း သိရသည်။

WB Group ကုမ္ပဏီအနေဖြင့် Gladius 2 ကို Gladius ကင်းထောက်-တိုက်ခိုက်ရေးစနစ်နှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ အဆိုပါစနစ်တွင် FT-5 Łoś ကင်းထောက်ဒရုန်းနှင့် တိုက်ခိုက်ရေးဒရုန်းများကို Topaz စစ်မြေပြင်ကွပ်ကဲမှုစနစ်အောက်တွင် ပေါင်းစပ်ထားသဖြင့် အော်ပရေတာတစ်ဦးအနေဖြင့် ဒရုန်းတစ်စင်းကိုအသုံးပြု၍ ပစ်မှတ်ကို ရှာဖွေဖော်ထုတ်နိုင်ပြီး အခြားဒရုန်းတစ်စင်းကိုအသုံးပြု၍ ၎င်းပစ်မှတ်ကို တိုက်ခိုက်နိုင်မည်ဖြစ်သည်။

Gladius 2 တိုက်ခိုက်ရေးဒရုန်းစနစ်သည် ယခင် Gladius စနစ်၏ အခြေခံဒီဇိုင်းနှင့်အတွေ့အကြုံများအပေါ် ဆက်လက် တည်ဆောက်ထားခြင်းဖြစ်ပြီး အစောပိုင်းကာလတွင် လျှပ်စစ်မော်တာအသုံးပြု Warmate ဒရုန်းမျိုးကွဲများဖြင့် ကီလိုမီတာ ၁၀၀ ကျော် အကွာအဝေးထိ တိုက်ခိုက်နိုင်သည့်စွမ်းရည် ရှိခဲ့ကြောင်း WB Group ကုမ္ပဏီက ဖော်ပြထားသည်။ မျိုးဆက်သစ် Gladius 2 ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်စတင်ခဲ့ပြီး ယူကရိန်းပဋိပက္ခမှ ရရှိခဲ့သည့် လက်တွေ့စစ်ဆင်ရေးအတွေ့အကြုံများနှင့် သင်ခန်းစာများကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WB Group ကုမ္ပဏီသည်၎င်း၏ Warmate ဒရုန်းမျိုးကွဲများကို သယ်ဆောင်နိုင်သည့်ထိပ်ဖူးခဲယမ်း၏ အလေးချိန်အလိုက် အမည်ပေးထားခြင်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ယခင်က Warmate 5၊ Warmate 20 နှင့် Warmate 50 မျိုးကွဲများ ရှိနေကြောင်းဖော်ပြခဲ့ပြီး ပိုမိုပေါ့ပါးသည့် Warmate 3 တိုက်ခိုက်ရေးဒရုန်းသည် အလေးချိန်ပိုမိုနည်းပါးသည့် ထိပ်ဖူးခဲယမ်းကိုအသုံးပြုကာ ကီလိုမီတာ ၇၀ ထိ တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားသည်။



ယခု Warmate 30 သည် ထိပ်ဖူးခဲယမ်းအလေးချိန် ကီလိုဂရမ် ၃၀ ရှိသဖြင့် အဆိုပါမျိုးကွဲများကြား အလေးချိန်အဆင့်တစ်ရပ်တွင်တည်ရှိပြီး WB Group ၏ ယခင်ထုတ်ကုန်စာရင်းများတွင် Warmate 2 ဟု ဖော်ပြခဲ့သည့်စနစ်နှင့်လည်း ထိပ်ဖူးခဲယမ်းအလေးချိန် တူညီကြောင်း သိရသည်။

ပိုလန်စစ်ဘက်သည် လက်ရှိတွင် Gladius နှင့် Warmate လေပေါ်ဝဲပျံတိုက်ခိုက်ရေးဒရုန်းစနစ်များ၏ သိုလှောင်ပမာဏကိုတိုးမြှင့်ရန် ကတိပြုထားပြီးဖြစ်သည်။ ၂၀၂၆ ခုနှစ် မေလက ပိုလန်၏ လက်နက်ဝယ်ယူရေးအေဂျင်စီသည် WB Group နှင့် Warmate ဝဲပျံတိုက်ခိုက်ရေးခဲယမ်းစနစ် ၄၀၀ ကျော်၊ FlyEye ကင်းထောက်ဒရုန်း ၂၀၀ ခန့်နှင့် Gladius စနစ်အတွက် တပ်ရင်းအဆင့်ပစ်ခတ်ရေးယူနစ် ၁၂ ခုဝယ်ယူရန် စာချုပ်များချုပ်ဆိုခဲ့သည်။ အဆိုပါစာချုပ်များတွင် Gladius 2 သို့မဟုတ် Warmate 30 ပါဝင်ခြင်းရှိ မရှိ ကို WB Group က အတည်ပြုထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

Gladius 2 တိုက်ခိုက်ရေးဒရုန်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယူကရိန်းပဋိပက္ခအတွင်း ထင်ရှားလာသည့် လေပေါ်ဝဲပျံတိုက်ခိုက်ရေးဒရုန်းများ၏ အခန်းကဏ္ဍနှင့်အညီ ပိုမိုမြန်ဆန်စွာ ပစ်မှတ်ဧရိယာသို့ ဝင်ရောက်နိုင်ခြင်း၊ ရှာဖွေတွေ့ရှိမှုခက်ခဲစေရန် ရေဒါနှင့် အပူအမှတ်အသားလျှော့ချထားခြင်း၊ ပစ်မှတ်အလိုက် ထိပ်ဖူးခဲယမ်းများပြောင်းလဲတပ်ဆင်နိုင်ခြင်းစသည့်စွမ်းရည်များကို ပေါင်းစပ်ဖော်ဆောင်လာသည့် လမ်းကြောင်းတစ်ရပ်ကို ပြသနေကြောင်း သိရသည်။

**Poland unveils a new jet-powered strike drone** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၁၇၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၁၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၁၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နှမ်းဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးသွားပါမယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်း ယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဒီဘက်ကနေ ဧည့်မထဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ ဧည့်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်။ လတ်တလောအနေနဲ့ ဧည့်မထဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် ရေမျက်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေမျက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက VDP စီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီမံကိန်း လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ရေမျက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဇင်မာ




# မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မိုးကောင်း စက်တင်ဘာ ၁၃**


ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးမိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လေးမိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၂၁၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၉၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းထံမှ သိရသည်။

ချစ်ဦးကို



# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်း



**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်းခြင်းနှင့် အင်ဂျင်နီယာကောင်စီဝင်များ ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးအေးမြင့်၊ ဒေါက်တာ ညီလှငယ်၊ ဒေါက်တာဝင်းမြင့်၊ ဦးဟံစိန်တို့ဖြင့် နာယကအဖွဲ့ အသစ်ဖွဲ့စည်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကအဖွဲ့ကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် နာယကအဖွဲ့အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကအဖွဲ့က အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်ဦးရေ ၆၀ ကို အတည်ပြုရွေးချယ်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆက်လက်ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အင်ဂျင်နီယာပညာရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

အလားတူ နာယကအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတတ်ရေးအတွက် MSME လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အင်ဂျင်နီယာကောင်စီနာယကများဖြစ်သော ဦးအေးမြင့်၊ ဒေါက်တာညီလှငယ်၊ ဒေါက်တာဝင်းမြင့်၊ ဦးဟံစိန်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာပညာရပ်အသိုက်အဝန်း၏ တိုးတက်ရာတိုးတက်ကြောင်း ဆက်လက်အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးပြီး တက်ရောက်လာသော နာယကအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်ဦးရေ ၆၀ ကို စိစစ်အတည်ပြုရွေးချယ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဆိပ်ကြီးခနောင်တို (တွံတေးတူးမြောင်း) တံတားစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


ကြည့်ရှုစဉ် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေးအလေးထားဆောင်ရွက်ရန်၊ တံတားကြီးနှင့်အတူ မြို့ပြဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများကောင်းမွန်စေရေးဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆိပ်ကြီးခနောင်တို(တွံတေးတူးမြောင်း) တံတားသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နှင့် ဆိပ်ကြီးခနောင်တိုမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအရှည် ၂၄၂၈ ပေ၊ တံတားအပေါ်ထည် သံမဏိသံဘောင်တံတားဖြစ်ကာ တံတားခံနိုင်ဝန်ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် အင်းစိန်မြို့နယ် တည်ဆောက်ရေးလုပ်ငန်း ... ကုန်းဘူတာအနီး ရန်ကုန်-ပြည် ရထားလမ်းနှင့် ခရေပင်လမ်းဆုံရှိ မီးရထားခုံးကျော်တံတားတည်ဆောက်ရန် ဆောင်ရွက်နေသည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့က ယခုခုံးကျော်တံတားကို နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ ယာဉ်အန္တရာယ်ကင်းရှင်းပြီး ယာဉ်ကြောပိတ်ဆို့မှုလည်း လျော့နည်းသက်သာစေရန် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တည်င်းကုန်းဈေးအတွင်း ဝင်ရောက်မည့်ကုန်ကားကြီးများ အဆင်ပြေစေရေးသွားလာနိုင်စေရေး ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများပေါင်းစပ်ညှိနှိုင်း၍ တံတားတည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တည်င်းကုန်းဘူတာအနီး မီးရထားလမ်းဆုံနေရာသည် ရန်ကုန်-ပြည် ရထားနှင့် ရန်ကုန်မြို့ပတ်ရထားများ နေ့စဉ်အစုန်၊ အဆန် ၂၃ ကြိမ်ခန့် ဖြတ်သန်းသွားလာလျက်ရှိသည့်အတွက် တံတားတည်ဆောက်ပြီးစီးသွားပါက ပြည်သူများအနေဖြင့် သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေပြီး ယာဉ်ကြောပိတ်ဆို့မှုများကို ယခုထက်ပိုမိုဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းမြို့ရှိ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားကွင်းတွင် ဘောလုံးကွင်းမြက်ခင်းပြုပြင်ခြင်း၊ ရေဖျန်းစနစ်ပြုပြင်ခြင်း၊ Over Head Tank ဂါလန် ၃၆၀၀ ဆံ့ တည်ဆောက်ခြင်း၊ ရိုးရိုးတန်းပွဲကြည့်စင် အမိုးမပါ နှစ်ထပ်(ပေ ၄၄၀ x ၃၅ ပေ) တည်ဆောက်ခြင်း၊ အရှေ့ဘက်၊ မြောက်ဘက်၊ တောင်ဘက် (ပေ၂၅၄၀ x ၇ ပေ) အုတ်တံတိုင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဦးစီးအရာရှိနေအိမ် (ပေ ၃၀ x ပေ ၃၀ x ၁၅ ပေ) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုအားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားကွင်းကို နိုင်ငံတကာအဆင့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံနှုန်းများ အတိုင်းပြည့်မီ၍ ရေရှည်တည်တံ့ပြီး အသုံးပြုနိုင်စေရေး အလေးထားဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်ရှိ ပိုးတန်းအားကစားကွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ခရိုင်အားကစားရုံ (ပေ ၆၀ x ပေ ၃၀ x ၁၂ ပေ)တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိအားကစားကွင်း၊အားကစားရုံများ၊ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာ၊ စာသင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး) တို့ရှိ စာသင်ခန်း၊ စားရိပ်သာ၊ ဆေးပေးခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာမများနှင့် သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ အားကစား အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# MSME ကဏ္ဍကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့်အတွက် ဝန်ကြီးဌာနရှိစက်ရုံများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၃**

MSME ကဏ္ဍကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ စက်ရုံများနှင့် တာဝန်ရှိသူအဆင့်ဆင့် အားလုံးဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း MSME ဗဟိုဌာနအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုနှင့်အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံစဉ် မှာကြားသည်။



ထို့ပြင် ပြည်သူလူထုကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်၊ ရလဒ်ကိုအခြေပြုသည့်စီမံခန့်ခွဲမှုဖြစ်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စက်စွမ်းအား ပြည့်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်၊ စက်ရုံများအနေဖြင့် ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ကုန်ထုတ်လုပ်မှုလျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင်ထုတ်လုပ်ရန်၊ ပစ္စည်းချင်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ထုပ်ပိုးမှု ပိုမိုကောင်းမွန်ရမည်ဆိုသည့်အတိုင်း အောင်မြင်အောင်ကြိုးစားဆောင်ရွက်ကြရန်၊ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်ဖြင့် ချိတ်ဆက်နိုင်ခြင်း၊နည်းပညာနှင့်လုပ်ငန်းအတွေ့အကြုံမျှဝေပေးနိုင်ခြင်းနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းတို့ဖြင့် ဒေသတွင်းစက်မှုလုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်လာအောင်ပံ့ပိုးပေးကြရန် မှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ဦးစီးဌာန၊ လုပ်ငန်းတာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်လျက်ရှိ



**ရန်ကုန် စက်တင်ဘာ ၁၃**

ထန်းတပင်မြို့နယ်ရှိအလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်စက်နှင့်ရေသန့်စက်များ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်များအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဆေးရုံ(ထန်းတပင်) အစည်းအဝေးခန်းမတွင်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်လက်ခံပြီး စက်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမား နာတာရှည်ကျောက်ကပ်ရောဂါလူနာများအတွက် ကျောက်ကပ်သွေးသန့်စင်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်းကို အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နှင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက် လေးလုံးဖြင့် တစ်လပျမ်းမျှ လူနာ ၂၆ဦး အကြိမ် ၁၃၀ ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်လျက်ရှိရာ လူနာတစ်ဦးလျှင် တစ်ပတ် တစ်ကြိမ်သာ ကျောက်ကပ် သွေးသန့်စင်ပေးနိုင်သဖြင့် အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များတပ်ဆင်၍ တိုးချဲ့ဝန်ဆောင်မှုပေးခြင်းဖြင့် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်တို့ရှိ စက်မှုဇုန်များမှ အာမခံအလုပ်သမား လူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ဆေးကုသရန် မလိုအပ်တော့ဘဲ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်မည်ဖြစ်သည်။

အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ဝန်ဆောင်မှုစတင်ဆောင်ရွက်ချိန်မှ ၈/၂၀၂၆ လထိ အာမခံအလုပ်သမားလူနာဦးရေ ၅၃၀၊ ဆေးကြောသည့်အကြိမ် ၃၀၄၅ ကြိမ်၊အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာ ၃၀၈ ဦး၊ ဆေးကြောသည့်အကြိမ် ၂၅၄၂ ကြိမ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ လုပ်သားအင်အား ၄၄၄၃ ဦးဖြင့် လုပ်ကိုင်နေသည့် Wan He Garment Factory Co., Ltd(သိုးမွေးစက်ရုံ)သို့ သွားရောက်၍ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများနှင့်တွေ့ဆုံ၍ အထည်အော်ဒါနည်းပါးမှုကြောင့် အင်အားလျှော့ချခဲ့သည့် အလုပ်သမား ၁၉၄ ဦးကို အနီးပတ်ဝန်းကျင်ရှိစက်ရုံများတွင် အခက်အခဲမရှိအလုပ်ရရှိစေရေးဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မှော်ဘီမြို့နယ်အတွင်းရှိ အခြားအထည်ချုပ်စက်ရုံ ၁၄ ရုံတွင် အလုပ်ခေါ်စာအရ လုပ်သားအင်အား ၃၀၀၀ ကျော် လိုအပ်နေပြီး စက်ရုံများမှ အလုပ်ပိတ်သိမ်းမှုများဖြစ်ပေါ်လာပါက အလုပ်သမားများအလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အလုပ်သမားဥပဒေပါရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့် ကူညီချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၁၃**

၆၂နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ရုံးများမှ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များသည် ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လှူဒါန်းရရှိသော သွေးအိတ်များကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆေးရုံအုပ်ကြီး ထံပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးထံ ကြက်ဥများပေးအပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၁၂၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# အန်ကောဝပ်ကို သက်သေတည်၍

**မြန်မာနှင့် ကမ္ဘောဒီးယား**
**စီးပွားလူမှု ဂုဏ်ကျက်သရေ။**
**တိုးမြင့်စေ စွမ်းဆောင်ပေး**
**ရှေးရှုလျက်ပေ။**
**အောင်မြင်မှုအထွေထွေ**
**အောင်ပါစေ ဆုမွန်တောင်း။**
**နှစ်နိုင်ငံ ချစ်ကြည်မှု**
**အောင်ဆုထပ်လောင်း။**

မြန်မာနဲ့ ကမ္ဘောဒီးယား နှစ်နိုင်ငံကြားက ရာစုနှစ်ပေါင်းများစွာ ထုံမွမ်းတည်ရှိလာခဲ့တဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှု၊ ချစ်ကြည်ရေးစာမျက်နှာသစ်ကို ဆက်လက်ရေးထိုးနိုင်ဖို့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တော်ဆီကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

မဲခေါင်မြစ်ဝှမ်းဒေသရဲ့ ပထဝီဝင်အနေအထားအရ အပူပိုင်းမုတ်သုံရာသီဥတုသွင်ပြင်လက္ခဏာရှိပြီး စိမ်းလန်းစိုပြည်တဲ့ ရှုမျှော်ခင်းတွေနဲ့အတူ ဖနောင်ပင်မြို့တော်ရဲ့ နံနက်ခင်းအလှက အလွန်တရာမှ ကြည်နူးစရာ ကောင်းလှပါတယ်။ ခရီးစဉ်ရဲ့ ဒုတိယမြောက်နေ့ စက်တင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်မှာတော့ နိုင်ငံတော်သမ္မတနဲ့အဖွဲ့ဟာ ဖနောင်ပင်မြို့ရှိ သမိုင်းဝင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်ဆီကို သွားရောက်ပြီး ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။

တက္ကသိုလ်ရှေ့ကို နိုင်ငံတော်သမ္မတ ရောက်ရှိလာချိန်မှာ ကမ္ဘောဒီးယား ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးတွေနဲ့ တာဝန်ရှိသူတွေက သာသနာ့အလံတော်တွေ၊ နှစ်နိုင်ငံအလံငယ်တွေ ကိုင်ဆောင်ဝှေ့ယမ်းကာ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ ကမ္ဘောဒီးယားနိုင်ငံရဲ့ အဆင့်မြင့်ပညာရေးနဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထွတ်အထိပ်နေရာတစ်ခုဖြစ်တဲ့ တက္ကသိုလ်ပရိဝုဏ်အတွင်းမှာ နိုင်ငံတော်သမ္မတက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပန်းမန်များ ကပ်လှူပူဇော်ခဲ့ပါတယ်။ မြန်မာနဲ့ကမ္ဘောဒီးယား နှစ်နိုင်ငံစလုံးဟာ ထေရဝါဒဗုဒ္ဓဘာသာကို အခိုင်အမာကိုးကွယ်ကြတဲ့ နိုင်ငံတွေဖြစ်တာနဲ့အညီ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းလျှောက်ထားခဲ့ပါသေးတယ်။

ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော်ကြီးက မြန်မာ-ကမ္ဘောဒီးယားချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ကမ်ပုန်စပူးပြည်နယ် ဥဒေါင်းဒေသ အမ်ပါယ်ရောင်ကျေးရွာမှာ အေးငြိမ်းချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း တည်ဆောက်နေမှုအခြေအနေကို မိန့်ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မေးမြန်းလျှောက်ထားပြီး မြန်မာနိုင်ငံမှာ တည်ဆောက်ပြီးစီးခဲ့တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ တည်ဆောက်ခဲ့မှုမှတ်တမ်းစာအုပ်၊ လှူဖွယ်ပစ္စည်းများနဲ့ စုပေါင်းလှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဆရာတော်ကြီးကလည်း နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်လက်ဆောင်ကို ပြန်လည်ပေးအပ်ခဲ့ပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်အား ကြည့်ရှုလေ့လာစဉ်။ (၁၂-၉-၂၀၂၄)

**အခုလို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် တိုးတက်ဖြစ်ထွန်းလာတဲ့ သာသနာရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးရာပူးပေါင်းဆောင်ရွက်မှုများက မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပြည်သူတွေကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှု မူဘောင်တွေကို ပိုမိုတောက်ပလာစေမှာ အမှန်ပဲဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုခိုင်မြဲကာ အေးအတူပူအမျှ ရှေ့ဆက်တက်လှမ်းနိုင်မယ့် အောင်မြင်သော သမိုင်းဝင်ခရီးစဉ်တစ်ခုဖြစ် . . .**

**သံရုံးမိသားစုများနှင့် ပညာတော်သင်များကို တွေ့ဆုံအားပေး**

သာသနာရေးကိစ္စတွေ ဆောင်ရွက်ပြီးတဲ့နောက်မှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနဲ့ စစ်သံရုံးကို ဆက်လက်သွားရောက်ခဲ့ပြီး မိသားစုတွေနဲ့ ပညာတော်သင် သင်တန်းသားတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (၁၂-၉-၂၀၂၄)

တွေ့ဆုံပွဲမှာ နိုင်ငံတော်သမ္မတက မိမိတို့နှစ်နိုင်ငံဟာ မွန်ခမာမျိုးနွယ်တွေဖြစ်ကြတာနဲ့အညီ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုတွေမှာ များစွာတူညီမှုရှိတယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ခေတ်အဆက်ဆက်ခေါင်းဆောင်တွေ အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်တွေ အပြန်အလှန်သွားရောက်ခဲ့ကြတဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အိမ်နီးချင်းစပ်လျဉ်းမှု တိုက်ရိုက်မရှိပေမယ့် ယဉ်ကျေးမှုချင်းနီးစပ်မှုကြောင့် ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံရေးကို အခိုင်အမာ တည်ဆောက်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် နှစ်နိုင်ငံစလုံးမှာ စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြတဲ့အတွက် နိုင်ငံစီးပွားဖွံ့ဖြိုးဖို့အတွက် စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအခြေခံပညာရေးကျောင်းတွေကို ဖော်ဆောင်နေတဲ့အခြေအနေတွေကို ရှင်းပြခဲ့ပါတယ်။ လက်ရှိကာလမှာ နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ တိုက်ဖျက်နေတဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှုနဲ့ လောင်းကစားမှုတွေ မဖြစ်ပေါ်စေရေးအတွက် သံတမန်တွေနဲ့ နိုင်ငံသားတွေအနေနဲ့ အထူးသတိပြုရှောင်ကြဉ်ကြဖို့ မှာကြားခဲ့ပါတယ်။ ပြည်ပရောက်မြန်မာနိုင်ငံသားတွေကိုလည်း ဥပဒေနဲ့အညီ ကူညီစောင့်ရှောက်ပေးကြဖို့နဲ့ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။

တွေ့ဆုံပွဲအပြီးမှာ နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုတွေနဲ့ ပညာတော်သင်တွေအတွက် စားသောက်ဖွယ်ရာများနဲ့ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအဆောက်အအုံသစ် တည်ဆောက်မယ့်မြေနေရာကိုသွားရောက်စစ်ဆေးခဲ့ပြီး လမ်းညွှန်မှာကြားခဲ့ပါတယ်။ နိုင်ငံရပ်ခြားမှာ တာဝန်ထမ်းဆောင်နေကြတဲ့ မြန်မာသံတမန်တွေ၊ ပညာတော်သင်တွေအနေနဲ့ ဒေသန္တရဗဟုသုတနဲ့ ဘာသာစကားများကို အမြဲမပြတ်လေ့လာဆည်းပူးကြဖို့လည်း တိုက်တွန်းခဲ့ပါတယ်။

**ဖနောင်ပင်မှသည် ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ဆီရမ်ရိသို့**

ဆက်လက်ပြီး မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ကမ္ဘာ့ကျော်ရှေးဟောင်း ယဉ်ကျေးမှုဒေသတစ်ခုဖြစ်တဲ့ ဆီရမ်ရိမြို့ဆီကို အထူးလေယာဉ်နဲ့ ခရီးဆက်ခဲ့ကြပါတယ်။ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေထွက်ခွာချိန်မှာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့်မိုးလေဝသဝန်ကြီးဌာန ဝန်ကြီးနဲ့ တာဝန်ရှိသူတွေက ကော်ဇောနီခင်းပြီး ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

ခရီးစဉ်ရဲ့ နောက်ထပ်အစီအစဉ်တစ်ရပ်ဖြစ်တဲ့ ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိချိန်မှာ ဆီရမ်ရိပြည်နယ်

**စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

အုပ်ချုပ်ရေးမှူးနဲ့ တော်ဝင်ဘုရင့်နန်းတော်ရေးရာဝန်ကြီးဌာန ကိုယ်စားလှယ်တွေက စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေးရာမှာ ဆီရမ်ရိဒေသက အန်ကောရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဟာ ယူနက်စကို စာရင်းဝင်ဒေသဖြစ်တာနဲ့ အညီ မြန်မာနိုင်ငံရဲ့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနဲ့ သဘောသဘာဝချင်း တူညီနေမှုကို ဆွေးနွေးခဲ့ကြပါတယ်။

နှစ်နိုင်ငံကြား ခရီးသွားကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ဖလှယ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဆီရမ်ရိဒေသရဲ့ ခရီးသွားနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ လာရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားတွေကို ကမ္ဘောဒီးယားဥပဒေများနဲ့ အညီ စောင့်ရှောက်ကာကွယ်ပေးဖို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲအပြီးမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပြီး ဆီရမ်ရိပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသံသာများနဲ့ တီးမှုတ်ဖျော်ဖြေကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေခဲ့ပါတယ်။

**အန်ကောဝပ်နှင့် ဘေရွန်ဘုရားကျောင်းတော်များဆီသို့**

နိုင်ငံတော်သမ္မတနဲ့ အဖွဲ့ဝင်တွေဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ကမ္ဘာကျော် ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်နဲ့ ဘေရွန်ဘုရားကျောင်းတော်များဆီကို မွန်းလွဲပိုင်းတွင် သွားရောက်ပြီး ရှေးဟောင်းလက်ရာတွေကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပါတယ်။ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေဟာ ကမ္ဘာ့အကြီးဆုံး သမိုင်းဝင်နယ်မြေတစ်ခုဖြစ်ပြီး ခမာအင်ပါယာရဲ့ အနုပညာလက်ရာ အထွတ်အထိပ်တွေကို ပြသနေတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။

ဘုရားကျောင်းတော်ကြီးတွေအတွင်းမှာ ကျောက်တုံးကြီးတွေနဲ့ တည်ဆောက်ထားပုံတွေ၊ နံရံတွေပေါ်မှာ ထွင်းထုထားတဲ့ ရှေးခမာလူမျိုးတို့ရဲ့ နေ့စဉ်လူမှုဘဝ၊ စစ်ပွဲတွေနဲ့ ယဉ်ကျေးမှုပုံရိပ်တွေကို အသေးစိတ်လေ့လာခဲ့ကြပါတယ်။ တာဝန်ရှိသူတွေရဲ့ ရှင်းလင်းတင်ပြချက်တွေကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အန်ကောဝပ်ဘုရားကျောင်းတော်ရှေ့မှာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြပါတယ်။ အဲဒီနောက် အန်ကောယဉ်ကျေးမှုနယ်မြေရှိ ဘုန်းတော်ကြီးကျောင်းမှာ ကိုးကွယ်ဖို့အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ မှတ်တမ်းစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။



ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော်ကြီးထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်အား ဆက်ကပ်လှူဒါန်းစဉ်။ (၁၂-၉-၂၀၂၆)

အန်ကောဝပ်ကျောင်းတော်ကြီးဟာ ၁၂ ရာစုအစောပိုင်းမှာ ဒုတိယမြောက်သူရိယဝရမန်မင်းက ဟိန္ဒူဘာသာဝင် ဗိဿနိုးနတ်ဘုရားကိုပူဇော်ဖို့ တည်ဆောက်ခဲ့ပေမယ့်နောက်ပိုင်းမှာ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းတော်အဖြစ်သို့ ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ ဘေရွန်ကျောင်းတော်ကြီးမှာလည်း မျက်နှာတော် ၂၀၀ ကျော်ပါရှိတဲ့ ကျောက်မျှော်စင်ကြီးတွေနဲ့ ခမာတို့ရဲ့ ရှေးဟောင်းသမိုင်းဝင် လက်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး မြန်မာနဲ့ အာဆီယံဒေသတွင်း ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ အတွေ့အကြုံများကို အပြန်အလှန် ဖလှယ်နိုင်ခဲ့ကြပါတယ်။

**သမိုင်းဝင် ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာပြီးဆုံးခြင်း**

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီရဲ့ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ကြတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ခရီးစဉ်လုပ်ငန်းများအားလုံး အောင်မြင်စွာပြီးဆုံးတဲ့နောက် ဆီရမ်ရိမြို့ကနေ ပြည်လည်ထွက်ခွာခဲ့ကြပါတယ်။ လေဆိပ်မှာ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ စစ်သံမှူးတို့အပြင် သံရုံးမိသားစုဝင်များက နွေးထွေးလိုက်လှဲစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့တွေ့ဆုံဆွေးနွေးပွဲများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအစိုးရများ၊ လွှတ်တော်များနဲ့ ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုများကို စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားကဏ္ဍအစရှိတဲ့ ကဏ္ဍပေါင်းစုံမှာ ပိုမိုတိုးမြှင့်သွားဖို့ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြတာဟာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအတွက် သမိုင်းဝင် မှတ်တိုင်အသစ်တစ်ခု ဖြစ်လာစေခဲ့ပါတယ်။

> **ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌဆမ်ဒက် ဟွန်ဆင်၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံဆွေးနွေးပွဲများကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအစိုးရများ၊ လွှတ်တော်များနဲ့ ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုများကို စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားကဏ္ဍအစရှိတဲ့ ကဏ္ဍပေါင်းစုံမှာ ပိုမိုတိုးမြှင့်သွားဖို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြတာဟာ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးအတွက် သမိုင်းဝင်မှတ်တိုင်အသစ်တစ်ခု ဖြစ်လာစေခဲ့ . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။ (၁၂-၉-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများက ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။ (၁၂-၉-၂၀၂၆)

ခရီးစဉ်တစ်လျှောက် အမိနိုင်ငံတော်အတွက် ကောင်းကျိုးရလဒ်အဖုံဖုံကို ဆောင်ကြဉ်းလာနိုင်တဲ့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းအချိန်မှာ နေပြည်တော်ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဒုတိယသမ္မတများဖြစ်တဲ့ ဦးညိုစောနဲ့ ဒေါ်နန်းနီနီအေးတို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့အပြင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနဲ့ စစ်သံရုံးက တာဝန်ရှိသူတွေပါ အသင့်စောင့်ဆိုင်းနေပြီး နွေးထွေးလိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

အခုလို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် တိုးတက်ဖြစ်ထွန်းလာတဲ့ သာသနာရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများက မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ပြည်သူတွေကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုမှုဘောင်တွေကို ပိုမိုတောက်ပလာစေမှာ အမှန်ပဲဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုခိုင်မြဲကာ အေးအတူပူအမျှ ရှေ့ဆက်တက်လှမ်းနိုင်မယ့် အောင်မြင်သော သမိုင်းဝင်ခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း အန်ကောဝပ်ကို သက်သေတည်၍ ဂုဏ်ယူဝမ်းမြောက်စွာ ကမ္ပည်းမှတ်တမ်း ရေးထိုးလိုက်ရပါတယ်။ ။

**ရဲခေါင်**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးလုပ်ငန်းများဆောင်ရွက်



ပုသိမ် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသင်္တခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေန်တာတမံ နိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ ကာကွယ်နိုင်ရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် ရေဝင်ပေါက်တစ်လျှောက် ကြမ်းပြင်မြှင့်တက်စေရန် Geobags/Geo Tube များကို စက်ရေယာဉ်ဖြင့်ချခြင်း၊ Sheet Pile ရိုက်ပြီးသည့်အပိုင်းကို ခိုင်ခံ့မှုမြှင့်တင်ရန် မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်းတို့တွင် ကရိန်းဖြင့် Geo–bags, Jumbo Bag, Geo Tube ကျောက်ခြင်းချခြင်း၊ သဲအိတ်တွဲများချခြင်း၊ ကမ်းရင်းတာနှင့် Sheet Pile ကြားတွင် သဲမှုတ်ဖြည့်ခြင်း၊ Sheet Pile ၏ ထောက်တန်းနှင့် ထောက်တိုင်များဆောင်ရွက်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းကလည်း ဟသင်္တမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဝိသာခါ ဖောင်ဒေးရှင်းက ဆန်၊ဆီ၊ဆပ်ပြာ၊တာပေါ်လင်မိုးကာ၊ လက်ဖက်နှင့်အိမ်သုံးပစ္စည်းများကိုလည်းကောင်း၊ ဦးထွန်းသိန်း + ဒေါ်စန်းရီ စက်သုံးဆီရောင်းဝယ်ရေးနှင့် မြန်မာထမင်းဆိုင် မိသားစုက အလှူငွေကျပ် သိန်း ၅၀၀ ကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ် ၂၀ မြောက် ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်

**မန္တလေး စက်တင်ဘာ ၁၃**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ် ၂၀ မြောက် ဘွဲ့ယူစွမ်းရည်ပြပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင်တင်ဆက်ပွဲကို ယနေ့တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲတွင် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် မဟာဝိဇ္ဇာတန်းမှ ကျောင်းသား၊ ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာမွန်များ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ်နှင့် ဘွဲ့လွန်အနုပညာ ဒီပလိုမာတန်းမှ ကျောင်းသားများက ဖိုက်ဘာ၊ ပလာစတာ၊ သစ်သားတို့ဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပုလက်ရာမွန်များကို ပြသထားသည်။

အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာမွန်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနများမှ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှု အစီအစဉ်ကျင်းပရာ ဒုတိယဝန်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုဘာသာ ငါးခုကို စာပေပညာရပ်နှင့် တွဲဖက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းဆင်းဘွဲ့ယူကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရမည်ဖြစ်ကြောင်းပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ တင်ဆက်မှုများကိုကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

■ ရေဘေးသင့်ပြည်သူများမှ

ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ "စိုး"နို့ဆီနှင့် သဘာဝဒိန်ချဉ်စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ စစ်ကိုင်းစက်မှုဇုန်ရှိ Myanmar Step ဖိနပ်စက်ရုံတွင် ဖိနပ်အမျိုးမျိုးထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ရော်ဘာလည်ရှည် ဖိနပ်အဟောင်းများကို Recycle နည်းဖြင့် ကုန်ကြမ်းပြုလုပ်သိုလှောင်ထားရှိမှု၊ စစ်ကိုင်းစက်မှုဇုန်ရှိ "မဟာနီလာ"နှစ်ဘီး၊သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံတွင် သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ် နောက်ခြေတင်တန်းများ၊ မော်တော်ဆိုင်ကယ် လက်ကိုင်ဘရိတ်ကိုင်းများနှင့် ဘရိတ်ရှူးများ ထုတ်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

🏳 **ရှေ့ဖုံးမှအဆက်**

Geobags သဲအိတ်ကြီးများချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေနပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**



နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

# ဖလမ်းမြို့ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန် အလှူငွေများလှူဒါန်း



**ဖလမ်း စက်တင်ဘာ ၁၃**

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ FBC ဖလမ်း နှစ်ခြင်းအသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ်သယံဇာတဝန်ကြီးနှင့်အတူ ယနေ့တွင် အလှူငွေများ သွားရောက်လှူဒါန်းသည်။

ထို့ပြင် နှစ်ခြင်းအသင်းတော်ဝင် မြို့သူမြို့သားများနှင့်အတူ တနင်္ဂနွေစုပေါင်းဝတ်ပြု ဆုတောင်းပွဲတွင် ပါဝင်၍ ဝတ်ပြုဆုတောင်းသည်။

ဖလမ်းမြို့သည် နယ်မြေတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နေပြီဖြစ်ပြီး ဒေသနေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အစိုးရရုံးဌာနများ ပုံမှန်လည်ပတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ယမန်နေ့မှစ၍ ဖလမ်းမြို့တွင် MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ဖလမ်းမြို့ပြည်သူများ၏ MPT SIM ကတ်များ ပြန်လည်အသုံးပြုနိုင်ရေး လိုအပ်ချက်များရှိပါက MPT Own shop ဝန်ထမ်းများက စက်တင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရှိ မိုဘိုင်း စခန်းအမှတ် CHN00001 သည် ယမန်နေ့ နံနက် ဝဝ နာရီ ၁၂ မိနစ်တွင် VSAT ပေါ်မှ တစ်ဆင့် ဆက်သွယ်မှုရရှိခဲ့ခြင်းဖြစ်ပြီး ဖလမ်းမြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00015 နှင့် တွန်းဇံမြို့ပေါ်ရှိ မိုဘိုင်းစခန်း CHN00150 တို့ ဆက်သွယ်မှုရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် ဆက်သွယ်ရေး(MPT)လိုင်းများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့၊ တွန်းဇံမြို့တို့သို့ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**



နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

❒ **ညောင်တုန်းမြို့နယ်မှ**

Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

❍ **နေရာကွက်၍ မိုးကြီးနိုင်မှ**

နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင်ဖြစ်ပေါ်နေသော လေဖိအားနည်း ဆဲလ်မှပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။



မျိုးဦးကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**✱ စိတ်ကြွဆေးပြားများဖမ်းဆီးရမိမှ**

မျိုးကို ၃၀ နှစ် မောင်းနှင်လာသော TOY-OTA HILUX DOUBLE CAB အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၂၅၀)၊ မြန်မာငွေကျပ် နှစ်သိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် စိတ်ကြွဆေးပြားများ လက်ခံရယူသူ ဇော်လင်းအောင် ခေါ် ကိုဆက် ခေါ် အငယ်လေး ၂၃ နှစ်ကို ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ နေအိမ်၌ ထပ်မံဖမ်းဆီးရမိသဖြင့် မျိုးကို၊ ဇော်လင်းအောင် ခေါ် ကိုဆက် ခေါ် အငယ်လေး တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ လှိုင်မြို့နယ် (၅)ရပ်ကွက် အေးရိပ်မွန် (၅)လမ်းအတိုင်း လမ်းလျှောက်လာသူ မအူပင်မြို့နယ် ရေလဲကလေးရွာနေ မျိုးဦး ၄၉ နှစ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၄၀) ဖမ်းဆီးရမိသဖြင့် မျိုးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ရှေ့တန်းပြန်မှ**

ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းဖွားအကအလှုဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**❖ Digital Smart Meter မှ**

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း ပဲခူးတိုင်းဒေသကြီး (အရှေ့) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်အလိုက်တိုးတက်လာမည့်ဓာတ်အားသုံးစွဲလိုသူများကို ဓာတ်အားဖြန့်ဖြူးပေးရာတွင် အရည်အသွေးပြည့်မီသော ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးရေးဌာနများအားလုံးပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညနေပိုင်းတွင် လှည်းကူးမြို့နယ် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ (၁)မိုင် GIS ဓာတ်အားခွဲရုံကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**◆ စက်ဘီးစီးပြိုင်ပွဲမှ**

အဆိုပါပြိုင်ပွဲကို ၁၈၆ ဒသမ ၈ ကီလိုမီတာပြိုင်ပွဲအဖြစ်ကျင်းပခဲ့ပြီး မီခေးလန်ဒါက ၄ နာရီ ၅၈ မိနစ် ၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မီခေးလန်ဒါ၏နောက်တွင် နော်ဝေစက်ဘီးစီးကစားသမား ဂျိုနက်က ၄ နာရီ ၅၈ မိနစ် ၄၈ စက္ကန့်ဖြင့် ဒုတိယနေရာမှ ပန်းဝင်နိုင်ခဲ့ကာ ဘယ်လ်ဂျီယံစက်ဘီးစီးကစားသမား ဒီဘရူနီက ၄ နာရီ ၅၉ မိနစ် ၂၈ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်နိုင်ခဲ့ကြခြင်းဖြစ်သည်။

မီခေးလန်ဒါသည် Vuelta a Espana 2026 ပြိုင်ပွဲတွင် အဆင့်(၂၀)ရောက်မှသာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ၂၀၂၁ ခုနှစ်နောက်ပိုင်း Vuelta a Espana 2026 ပြိုင်ပွဲတွင် ချန်ပီယံဆု ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ Vuelta a Espana 2026 ပြိုင်ပွဲ၌ အဆင့်(၁)မှ အဆင့်(၂၀)အပြီးတွင် စပိန်စက်ဘီးစီးကစားသမားတစ်ဦးဖြစ်သည့် အင်းနရစ်မက်က စုစုပေါင်းကြာချိန် ၇၀ နာရီ ၅၆ မိနစ် ၅၈ စက္ကန့်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးက ရပ်တည်နေပြီး ဒုတိယနေရာမှ ဆလိုဗေးနီးယားစက်ဘီးစီးကစားသမား ရှော့ဂလစ်ကို ၂ မိနစ် ၁၅ စက္ကန့် ဖြတ်တောက်ထားသည့်အတွက် ဆုဖလားဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိနေပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း Vuelta a Espana ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံး စပိန်စက်ဘီးစီးကစားသမား ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

STA

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။







**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စန်းထွေး၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲဖြိုး၊ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ် မေမြတ်မိုး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ် လှိုင်သန်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့မရဲစခန်းမှ ရဲအုပ် မျိုးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ် လင်းဇော်နှင့် သောင်ကြီးနယ်မြေရဲစခန်းမှ ရဲအုပ်ပြေအေးနှင့်အဖွဲ့သည်လည်းကောင်း၊ ဒလမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက်မှုခင်းအသိပညာပေး (Home visit) ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း စက်ဘီးဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့်လူကူးမျဉ်းကျားမှ ပြည်သူများလမ်းဖြတ်ကူးစေရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ ညပိုင်းတွင်လည်း လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကျော်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်းနှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းမြင့်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်မင်းဇော်ထက်နှင့် အဖွဲ့သည်လည်းကောင်း မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ကေတီဗွီဆိုင် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**အောင်သူ**



ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent နှင်းဝတ်ရည်ကျော်နှင့် တရားခံ ကောင်းခန့်ညီ၊ ချစ်နှင်းဝေ၊ ဇင်ငြိမ်းသူတို့၏ မှတ်တမ်းဓာတ်ပုံ။

● Online လောင်းကစားဂိမ်းမှ

ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဓိကဦးစီးဆောင်ရွက်သူ Level မြင့် Agent များကိုဖမ်းဆီးရမိရေး အလေးထားဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Ibet 789 Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လက်ကိုင်ဖုန်းနှစ်လုံးဖြင့်လည်းကောင်း၊ Senior Agent နှင်းဝတ်ရည်ကျော် အပါအဝင် တရားခံသုံးဦးကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) အိမ်အမှတ်(၆၇၀) ၌ လက်ကိုင်ဖုန်း ရှစ်လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံး၊ မော်တော်ယာဉ်တစ်စီးတို့ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် Online လောင်းကစားဂိမ်း Senior Agent ကျော်စိုးလင်းကို လှိုင်သာယာမြို့နယ် ရေအုပ်ကန်ရပ်ကွက်ရှိ Mandarin Hotel ၌ လက်ကိုင်ဖုန်း နှစ်လုံး၊ မော်တော်ယာဉ် နှစ်စီးတို့ဖြင့်လည်းကောင်း၊ Online လောင်းကစားဂိမ်း Senior Agent ယဉ်ယဉ်နုကို သာကေတမြို့နယ် အနော်မာ(၁)ရပ်ကွက် လမ်းသစ်(၁)လမ်း အမှတ်(၆၆/က)၌ လက်ကိုင်ဖုန်းတစ်လုံးဖြင့်လည်းကောင်း အသီးသီးဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Senior Agent ဖြိုးသိင်္ဂီသည် ၂၀၂၃ ခုနှစ်မှစ၍ Ibet 789၊ 555 Mix၊ Sports Xzone Website များတွင် Online လောင်းကစား Agent အဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ Senior Agent နှင်းဝတ်ရည်ကျော်သည် ၂၀၂၂ ခုနှစ်မှစ၍ Ibet 789 Website တွင် Online လောင်းကစား Agent အဖြစ်လုပ်ကိုင်ခဲ့ပြီး ကောင်းခန့်ညီ၊ ချစ်နှင်းဝေနှင့် ဇင်ငြိမ်းသူတို့သည် နှင်းဝတ်ရည်ကျော်၏ လက်အောက်တွင် ကူညီလုပ်ကိုင်ခဲ့ကြောင်း၊ Online လောင်းကစား Senior Agent ကျော်စိုးလင်းသည် ၂၀၂၀ ခုနှစ်မှစ၍ Ibet 789 Website တွင် Online လောင်းကစား Agent အဖြစ်စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် Sport 899 နှင့် 555 Mix လောင်းကစားဂိမ်းများကို ထပ်မံတိုးချဲ့လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်း၏ ဇနီးဖြစ်သူ ယဉ်ယဉ်နုသည်လည်း ၂၀၂၃ ခုနှစ်မှစ၍ Online လောင်းကစား Senior Agent အဖြစ်လုပ်ကိုင်ခဲ့ကြောင်း စိစစ်သိရှိရပါသည်။



ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent များဖြစ်သည့် ကျော်စိုးလင်းနှင့် ယဉ်ယဉ်နုတို့၏ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် Online လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ တရားခံအမျိုးသားနှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်းခုနစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ Online လောင်းကစားဂိမ်း Agent ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်း ၁၃ လုံး၊ laptop တစ်လုံး၊ Tablet တစ်လုံး၊ မော်တော်ယာဉ်သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်လှစ်၍ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ Online လောင်းကစား Agent အဖြစ် ဦးစီးဆောင်ရွက်နေသူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် Online လောင်းကစား Agent အဖြစ် ဆောင်ရွက်နေသူများကို သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)


သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော မြဝတီ ရသစုံမဂ္ဂဇင်း



♥ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
♥ မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
♥ သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
♥ မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
♥ ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
♥ ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ-ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Email: mwdliteraturehouse@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

စာပေ၊ ယဉ်ကျေးမှု၊ သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော ငွေတာရီ မဂ္ဂဇင်း



♦ (၆၆)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
♦ ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာကဏ္ဍများ ဖော်ဆောင်လျက်ရှိသည့်မဂ္ဂဇင်း
♦ သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
♦ မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
♦ အစဉ်အလာမပျက် မြန်မာမှုပန်းချီမျက်နှာဖုံးအဖြစ် နာမည်ကျော်ပန်းချီဆရာကြီးများ၏လက်ရာများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Email - ngwetaryeemagazine@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၇၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။


**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ထိုနေ့က တက်သောကြောင့် ကျသည်

**မစန္ဒာ**



လည်ချောင်းထဲတွင် ယားကျိယားကျိဖြစ်လာတော့ ကိုလူမောင် တဟင်းဟင်းနှင့် ချောင်းဟန့်သည်။ သို့သော် ဟန့်၍မရဘဲ တဟွတ်ဟွတ်ဖြစ်လာသည်။ ချောင်းဆိုးချင်စိတ်ကို အတင်းထိန်းပြီး အေးစက်စက် ရေနွေးကြမ်းခွက်ကို ကောက်မော့လိုက်သည်။ ချောင်းဆိုးသည်မှာ ရက်ရှည်နေပြီဖြစ်သော်လည်း ဘာဆေးကိုမျှ ဟုတ်တိပတ်တိ မသောက်ဖြစ်သေးချေ။ "ဟော... လာပါပြီ" သားအကြီးကောင်နင်းလာသော ဆိုက်ကားက သိသာထင်ရှားလှသည်မို့ အဝေးကပင် မြင်နိုင်သည်။ ဆိုက်ကားနင်း သူ၏ နောက်ဘက်တွင် ထီးတစ်ချောင်း စိုက်ထူထားသည်။ ခိုင်ခိုင်မတ်မတ် ထီးရိုးပေါ်တွင် ထီးရွက်ပြာပြာကြီးက အုပ်မိုးထားသည်။ ထိုမျှသာ မကသေးပါ။ ထိုထီးရွက်အပြာပေါ်တွင် ရွှေရောင်စာလုံးများကလည်း ထင်းနေသည်။ "ရွှေဒေါ်လာ"ပါတဲ့။

ကကျိကကျိနှင့် မြည်နေသော ဆိုက်ကားကို အိမ်ရှေ့တွင် အသာရပ်လိုက်ရင်း သူ၏သားအကြီးကောင်က အိမ်ပေါ်ကို လှမ်းကြည့်သည်။ ထို့နောက် ရှေ့ထိုင်ခုံတွင် ချထားသော ကန်စွန်းရွက်နှစ်စည်းကို လှမ်းယူသည်။

"တချို့တွေများ အဖေက ဆရာဝန်၊ သားကလဲ ဆရာဝန်တဲ့၊ ကောင်းလိုက်တာနော်။ အဖေက အင်ဂျင်နီယာ၊ သားကလဲ အင်ဂျင်နီယာ၊ အဲဒါလဲ ကောင်းတာပဲ။ အဖေက စာရေးဆရာ၊ သားကလဲ စာရေးဆရာ၊ အကောင်းတကာ့ အကောင်းဆုံးပါပဲဗျာ"

အိမ်ပေါ်တက်လာသော အကြီးကောင်ကို လှမ်းကြည့်ရင်း ကိုလူမောင်က တွေးနေမိသည်။ အသားညိုညို၊ မျက်နှာချိုချိုနှင့် သားသည် သူငယ်ငယ်တုန်းကနှင့် တူသည်။ သားရေအိတ်လေးတစ်လုံးကို စလွယ်သိုင်းလွယ်ပြီး ပုဆိုးကို တိုတိုဝတ်ထားသည်။

"အင်း... ငါတို့သားအဖကျတော့ အဖေက ဆိုက်ကားဆရာ၊ သားကလဲ ဆိုက်ကားဆရာတဲ့လေ၊ ဟင်း...၊ အဖေ့ခြေရာဆိုတာ နင်းတိုင်းလဲ မကောင်းပါလားနော်"

ကိုလူမောင်က ကြမ်းပေါ်တွင် ထိုင်ကာ နံရံကို ခပ်လျော့လျော့ မှီထားသည်။ ခြေနင်းကြမ်းသော သားက အနားမှဖြတ်သွားတော့ သူ၏တင်ပါးအောက်မှ ကြမ်းခင်းများသည် ညွတ်ခနဲညွတ်ခနဲ ဖြစ်သွားသည်ဟုပင် ထင်လိုက်မိသည်။ အိမ်ရှင်ကတော့ အိမ်ကို ပြင်ပေးတော့မည် မဟုတ်ပေ။ အိမ်ငှားများကိုဖယ်ကာ ကန်ထရိုက်တိုက်ဆောက်ရန် စိတ်စောနေပြီဖြစ်လေသည်။

"ကန်စွန်းရွက်က တစ်စည်းကိုလေးရာတဲ့ အမေရေ့၊ ဈေးဆစ်လို့လဲ မရဘူး"

သူ၏အမေ ဒေါ်ခင်ရွှေက ကန်စွန်းရွက်နှစ်စည်းကို လှမ်းယူကာ ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း "ဈေးကပိုကြီးသွားပေမဲ့ အစည်းကတော့ သေးသွားသလိုပဲဟဲ့"ဟု ပြောသည်။ အကြီးကောင်က ဘာမှပြန်ပြောမနေဘဲ ကိုလူမောင်၏ဘေးတွင် ဝုန်းခနဲ ဝင်ထိုင်သည်။ ကြမ်းခင်းများလည်း ညွတ်ခနဲဖြစ်သွားပြန်သည်။

"အဖေပြောတဲ့ ချောင်းဆိုးပျောက်ဆေးက တစ်ပုလင်းကို သုံးထောင့်ငါးရာတဲ့။ ပိုက်ဆံမလောက်လို့ မဝယ်ခဲ့ရသေးဘူး၊ ညနေကျမှ ဝယ်ခဲ့မယ်... နော်...အဖေ"

အကြီးကောင်က ကိုလူမောင်ကို ခပ်ချော့ချော့ ပြောသည်၊ ဆေးပါမလာသဖြင့် အဖေကို အားနာသနားပုံရ၍ ကိုလူမောင် အနေခက်သွားသည်။ "ငါဟာ... သနားစရာကောင်းများ ဖြစ်နေပြီလား"ဟု တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် မကျေနပ်သလိုလို၊ ရှက်သလိုလို ဖြစ်သွားသည်။

"ဒေါ်လာဈေးတက်လို့တဲ့ အဖေရယ်၊ ဈေးတွေကတော့အကုန်တက်ပဲ၊ ကန်စွန်းရွက်တောင် မကျန်ဘူး"

ရွှေဈေးတွေ၊ ဒေါ်လာဈေးတွေ အတက်ကြမ်းနေသော်လည်း ကိုလူမောင်တို့က ကိုယ်နှင့်မဆိုင်ဟု ထင်ခဲ့သည်။ ကိုယ်က ရွှေဝယ်နိုင် သူလည်းမဟုတ်၊ ဒေါ်လာကိုင်နိုင်သူလည်း မဟုတ်တော့ "နေသာသပ၊ လေညာက"ဟု ထင်ခဲ့မိသည်။ အခုတော့ လေညာက လူတွေလည်း မနေသာကြတော့ပေ။ လေနီကြမ်းတိုက်နေပြီဖြစ်သည်။

ယခုပဲကြည့် ဒေါ်လာဈေးတက်တော့ ဆေးတွေလည်း ဈေးတက်သည်။ နိုင်ငံခြားဆေးများကို ဒေါ်လာနှင့် ဝယ်ရသောကြောင့် ဖြစ်သည်တဲ့။ အကြောင်းက ဒီလိုရှိတော့ အကျိုးတရားကလည်း ဒီလို ဖြစ်လာတာပေါ့ဟု ကိုလူမောင်တွေးသည်။

ယာဉ်ငှားခတွေလည်း ဈေးတက်သည်။ ဓာတ်ဆီဈေးတက်သောကြောင့် ယာဉ်ငှားခတွေလည်း ဈေးတက်ရတာပါဟု တက္ကစီဆွဲသူများက ဖြေရှင်းသည်။ ပြည်တွင်းအတွက် လိုအပ်သောဓာတ်ဆီကို နိုင်ငံခြားမှ တင်သွင်းရသည်။ နိုင်ငံခြားမှ တင်သွင်းရသော ဓာတ်ဆီကို ဒေါ်လာနှင့် ဝယ်ရသည်တဲ့။ အကြောင်းတရားနှင့် အကျိုးတရားက ဒီလိုဒီလို ဆက်နွှယ်နေသည်ပဲ မဟုတ်လား။

ထိုအထိတော့ သူတို့ကို ထိခိုက်သည်ဟု ကိုလူမောင် မထင်မိသေးချေ။ သူတို့က နိုင်ငံခြားဆေးဆိုတာကို မဖြစ်မနေလိုအပ်မှသာ အသုံးပြုသူများဖြစ်သည်။ တော်ရုံတန်ရုံကတော့ "ဆရာမောင်"တို့၊ "ဆရာခို"တို့နှင့် ပြီးသည်။ တက္ကစီဟူသည်ကိုလည်း သူတို့နှင့် မဆိုင်ရေးချမဆိုင်ဟု သတ်မှတ်ထားသူများဖြစ်သည်။ နီးလျှင်လမ်းလျှောက်ပြီး ဝေးလျှင် ဘတ်စကားစီးသည်။ အလေးအပင် သယ်စရာရှိလျှင် ဆိုက်ကားကို သုံးသည်။ ကိုယ့်ဘဝနှင့် ကိုယ်နေ၍ ဖြစ်နေသားပင်။

အခုတော့ သူတို့အားပြု၍ စားနေရသော ကြက်ဥ၊ ဘဲဥနှင့် ဘူးသီး၊ ခရမ်းသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်များထိ တက်ဈေးက ရိုက်ခတ်လာပြီဖြစ်သည်။ ဆန်နှင့်ဆီကတော့ လှုပ်လှုပ်ရှိတိုင်း ခုန်၍ခုန်၍ တက်တတ်သူများမို့ သူတို့ကိုလည်း လက်မှိုင်ချထားရသည်။

"စိုက်ခင်းထဲက သွားဝယ်ရင်တောင် အရင်ဈေး မရနိုင်တော့ဘူး။ ဒီထိ ရောက်အောင်သယ်လာရတဲ့ စရိတ်ကလဲ အများကြီးတက်လာတယ်လေ။ ကျွန်မတို့လဲ ပေါပေါလောလော ရောင်းချင်ပါတယ်ရှင်။ မရောင်းနိုင်လို့ပါ။ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲရတဲ့ အလုပ်ကို မလုပ်ချင်ပါဘူး"

ဒါကတော့ကုန်စိမ်းသည်များ၏စကားဖြစ်သည်။

"ရေကြီးလို့ ပျက်ထားတဲ့ လယ်တွေ၊ ယာတွေက မနည်းမနောဘဲလေ။ ဆန်ရော၊ ဆီရော တက်မှာပဲ။ နောက်ပြီး ငရုတ်၊ ကြက်သွန်၊ ပဲ အကုန်လုံးလဲ တက်ဈေးချည်းပဲ။ ပိုက်ဆံရှိရင်တော့ ပိုပိုမိုမိုဝယ်ထားပေါ့"

ကုန်စုံဆိုင်တွင်တော့ ထိုစကားကို ကြားရသည်။ မနေ့တုန်းက နှစ်ရာတန် ဆားတစ်ထုပ်ပင် ဒီနေ့သွားဝယ်တော့ အလိုလိုဈေးမြောက်ပြီး နှစ်ရာ့ငါးဆယ် ဖြစ်သွားသည်။

"ဓာတ်ဆီဈေးကြီးတော့ ကုန်ကားကြီးတွေလဲ သိပ်မထွက်နိုင်ဘူး။ ကုန်အရောက် နည်းတယ်လေ"

ဝယ်သူက ဘာမှမပြောရသေးမီ ရောင်းသူက အလျှင်ညည်းနေသည်။ ကဲ ဘာလုပ်ကြရမည်နည်း။ အကြောင်းရင်းတစ်ခုတည်းအပေါ်တွင် ရိုက်ခတ်လာသော အကျိုးတရားများက များပြားလှသည်။

"ကျွန်တော်သာ ဝတ္ထုကောင်းကောင်းရေးတတ်မယ်ဆိုရင် ကန်စွန်းရွက်ဝယ်ရတဲ့ အတွေ့အကြုံလေးကို ရေးပြချင်လိုက်တာ အဖေရာ။ သူကလဲ ရောင်းမဲ့သာ ရောင်းနေတာ ညည်းလိုက်တာကို ခြုံသံပါလို့။ ကျွန်တော်တောင် ဘယ်လိုညည်းရမလဲ မသိတော့ဘူး။ ကိုယ့်ကိုယ်ပဲ သနားရမလား၊ သူ့ကိုပဲ သနားရမလား ဝေခွဲလို့တောင် မရတော့ဘူး"

အကြီးကောင်က စာပေဝါသနာပါသည်။ ခံစားတတ်ပြီး ထိရှလွယ်သည်။ ကိုးတန်းနှင့် ကျောင်းထွက်ပြီး ဆိုက်ကားနင်းနေသော်လည်း သူကျောင်းနေစဉ်ကာလက စာစောင်များတွင် သူ၏လက်ရာလေးများကို မကြာခဏဖော်ပြခံရသည်။

အကြီးကောင်က စာပေဝါသနာပါသည်မှာ သူနှင့်တူသောကြောင့်ဟု ကိုလူမောင်က မကြာခဏ ပြောတတ်သည်။ သူငယ်ငယ်တုန်းကလည်း စာရေးဆရာများကို အားကျအထင်ကြီးပြီး စာရေးဆရာဖြစ်ချင်လိုက်သည်မှာ တစ်ပိုင်းသေနေသည်။ ဆရာကြီးသော်တာဆွေက မြင်းလှည်းသမားဘဝမှ စာရေးဆရာဖြစ်လာသည်ဆိုတော့ သူ့ကိုယ်သူလည်း ဆိုက်ကားသမားဘဝမှ နာမည်ကျော်စာရေးဆရာဖြစ်လာနိုင်သည်ပဲဟု အတွေးအိပ်မက်တွေ အကြိမ်ကြိမ်မက်ခဲ့ရသည်။ ဝတ္ထု၊ ကဗျာလေးများကို အကြိမ်ကြိမ်ရေး၊ အကြိမ်ကြိမ်စပ်ပြီး မဂ္ဂဇင်းတိုက်များကို ပို့ခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ အရွေးအချယ်မခံခဲ့ရပေ။ သူ့စာတွေ ပုံနှိပ်စာလုံးဖြစ်မလာသော်လည်း သူ့တွင် သူစိတ်တိုင်းကျ ရွေးထားသော ကလောင်အမည်ရှိသည်၊ "ရွှေ"တဲ့။

"ရွှေ"ဟု တစ်လုံးတည်းဖြစ်၍ မိန်းမ၊ ယောကျ်ား ခန့်မှန်း၍မရ။ ဘယ်စိန်၊ ဘယ်ကျောက် ဘယ်လောက်ပင် အဖိုးတန်တန် ရွှေမပါလျှင် လက်ဝတ်ရတနာမဖြစ်နိုင်ဟူသော အတွေးကလေးနှင့် ဖြစ်သည်။ သားကြီးက သူ့လိုပင် စာပေဝါသနာပါပြီး စာတိုပေစလေးများ စမ်းပြီးရေးလာသောအချိန်က အလွန်ပီတိ ဖြစ်ခဲ့ရသည်။ သား၏စာ၊ သား၏ကဗျာလေးများ ရေးကပ်ထားသော ကျောင်းနံရံကပ်စာစောင်ကို ကျောင်းထိလိုက်သွားပြီး ဖတ်ခဲ့ရသည်။ သားအတွက် ကလောင်အမည် "ရွှေဒေါ်လာ"ဟူသည်ကိုလည်း သူရွေးပေးခဲ့ခြင်းဖြစ်သည်။ လူ့ဘဝ၊ လူ့လောကတွင် ရွှေကလည်း အဖိုးတန်၊ ဒေါ်လာကလည်း အဖိုးတန်မို့ သူ၏ကလောင်အမည် "ရွှေ"တွင် ဒေါ်လာကို ထပ်ဆင့်ပြီး ခေါ်တွင်စေခဲ့ခြင်းဖြစ်သည်။

ဘဝပေးအခြေအနေအရ ကိုးတန်းနှစ်တွင် ကျောင်းထွက်ပြီး သူ့လိုပင်ဆိုက်ကားနင်းရရှာတော့ သား၏ကလောင်အမည် "ရွှေဒေါ်လာ"သည် ကျောင်းက နံရံပေါ်တွင် ကျန်ခဲ့လေသည်။ ဆက်လက်ကြီးထွားမလာဘဲ မှေးမှိန်သွားသည်။

သို့သော် သားက သူ၏အမည် "ရွှေဒေါ်လာ" ကလေးကို မမေ့၊ သူ့ဆိုက်ကားကို အဆန်းထွင်ပြီး ထီးမိုးထားတော့ ထိုထီးပေါ်တွင် ရွှေရောင်နှင့် ရေးထားသည်က "ရွှေဒေါ်လာ"ပါတဲ့ဗျာ။

စာကလေး၊ ပေကလေးရေးစဉ်က လူမသိခဲ့သော ရွှေဒေါ်လာသည် ဆိုက်ကားနင်းတော့မှ လူသိများလာတော့သည်။ ရွှေဒေါ်လာဟူသည်မှာ ဆိုက်ကားအမည်လား၊ လူအမည်လား၊ မည်သူမျှ ခွဲခြားမနေကြတော့ချေ။ ဘိုးဘိုး၊ ဘွားဘွား၊ ကြီးကြီး၊ ငယ်ငယ်၊ အရွယ်အလတ်အားလုံးက "ရွှေဒေါ်လာ"ဟုပင် ခေါ်ကြတော့သည်။ ထို့ကြောင့် သူ၏အမည်သည် မှတ်ပုံတင်ထဲတွင် "သန်းမြတ်ထွန်း"ဖြစ်ပြီး အိမ်တွင်တော့ "အကြီးကောင်" ဖြစ်လေသည်။ အရပ်ထဲတွင် လူသိအများဆုံးအမည်သည်ကား "ရွှေဒေါ်လာ" ဖြစ်နေလေသည်။

ဆက်လက်ဖော်ပြပါမည်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၄၂၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၄၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၅ ဧက၊ တမူးမြို့နယ်တွင် ၃၅၅ ဧကနှင့် ခါမ်းပါတ်မြို့နယ်တွင် ဧက ၃၈၀ စုစုပေါင်း ဧက ၂၄၂၀ ဖြစ်ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၂၄၂၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ဒေသထွက် မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇူလိုင်လအတွင်းက မှျင်ငါးပိ ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက်ကုန် မှျင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိလထဲမှာပါ ဝယ်ယူမှုများနေပါတယ်။ မှျင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။



ဒေးဒရဲမြို့နယ်တွင် ဒေသထွက် မှျင်ငါးပိ တစ်ပိဿာလျှင် အရည်အသွေးအလိုက် ငွေကျပ် ၂၈၅၀၀ မှ ၃၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မှျင်ငါးပိများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ် ၄၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

## လုပ်မှုဝန်းကျင် အလှဆင်

- လိမ္မာစကား နာကြားရစဉ်
နှလုံးသိမ်မွေ့ ချမ်းမြေ့စိတ်တွင်
ကွယ်ဝှက်အမုန်း ဆိတ်သုဉ်းကြည်လင်
အပြုံးပန်း ပွင့်လန်းမွေးကြိုင်လွင်။

- ကြမ်းယုတ်စကား နာကြားရစဉ်
ရင်မှာလောင်မြိုက် မီးတိုက်အသွင်
ကွယ်ဘိအပြုံး နှလုံးနာကျင်
ရန်မီးပွား ချင်းများတတ်သည်ပင်။

- သတိတရား ဆပွားမွေးလျှင်
အမုန်းမရှိ တွယ်ငြိချစ်ခင်
မျက်နှာပွင့်လန်း ပြုံးပန်းရွှင်ရွှင်
ဘေးမသန်း ငြိမ်းချမ်းအမှန်ပင်။

- ပြည်ဘုံရွှေနန်း ငြိမ်းချမ်းသာလျှင်
လူမှုစီးပွား တိုးများမည်ပင်
ဘက်စုံဖွံ့ဖြိုး တန်ခိုးရေစင်
စမ်းနှယ်အေး ချိုတေးသာစည်လွင်။

- သာယာငြိမ်းချမ်း စိတ်ဝမ်းဖြူစင်
လူ့ဝန်းကျင်လှ ထွန်းပဂုဏ်အင်
ပန်းစုံပွင့်ဖူး ကြည်နူးဖွယ်ပင်
လေပြည်သွေး ကြိုင်မွှေးကြစေချင်။ ။

**ကိုမျိုး(ပွင့်ဦး)**

# ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လဲလူးအိုင်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက လဲလူးအိုင်ကျေးရွာသောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို နေပြည်တော်ကောင်စီခွင့်ပြု ရန်ပုံငွေကျပ် ၈၀ ဒသမ ၃၂ သန်းဖြင့် ခင်နေပြည်တော်ကုမ္ပဏီက ၂၀၂၆ ခုနှစ် ဩဂုတ်လ တတိယပတ်မှ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**သံသာ**

# ဘေးအန္တရာယ်များကင်းဝေးစေရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေး

မေဇင်ထွန်း

မိုးရာသီသည် တဖြည်းဖြည်းကုန်ဆုံးလာပြီဖြစ်ပြီး မိုးနှောင်းကာလဖြစ်သော စက်တင်ဘာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ မိုးတိမ်များ လျော့ပါးလာပြီး နေရောင်ခြည်ပြန်လည်ရရှိလာသည့်အချိန်၊ လယ်ယာမြေများတွင် စိုက်ပျိုးထားသည့်သီးနှံများ ရင့်မှည့်လာသည့်အချိန်ဖြစ်သော်လည်း မိုးနှောင်းကာလသည် သဘာဝဘေးအန္တရာယ်များ ကင်းဝေးသွားပြီဟု ဆိုနိုင်သည့်အချိန်တော့ မဟုတ်သေးပေ။ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် တောင်ကျရေစီးဆင်းမှုများသည် ဒေသအလိုက် ဆက်လက်ဖြစ်ပေါ်နိုင်သေးသည်။

မိုးရေသည် လူသားတို့၏ဘဝအတွက် မရှိမဖြစ်လိုအပ်သော သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝဂေဟစနစ်များအတွက် မိုးရေသည် အရေးပါသည်။ မိုးရွာသွန်းမှုမရှိပါက မြစ်ချောင်းများနှင့် ရေကန်များ ခန်းခြောက်လာနိုင်ပြီး မြေအောက်ရေအရင်းအမြစ်များလည်း လျော့နည်းလာနိုင်သည်။ ထို့ကြောင့် မိုးရွာသွန်းမှုသည် လူသားတို့အတွက် ပြဿနာတစ်ရပ်မဟုတ်ဘဲ သဘာဝက ပေးအပ်ထားသည့် အဖိုးတန်ရေအရင်းအမြစ်တစ်ခုဖြစ်သည်။

သို့သော် မိုးရွာသွန်းမှု ပမာဏ၊ ရွာသွန်းချိန်နှင့် ရွာသွန်းသည့်နေရာအပေါ်မူတည်၍ အကျိုးရှိခြင်းနှင့် အန္တရာယ်ဖြစ်စေခြင်းတို့ ကွာခြားနိုင်သည်။ အချိန်တိုအတွင်း မိုးအလွန်အမင်းရွာသွန်းပါက မြေကြီးက စုပ်ယူနိုင်သည့်ရေပမာဏထက် ကျော်လွန်သွားနိုင်ပြီး မြေပေါ်တွင် ရေစီးဆင်းမှုများပြားလာကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည်။ တောင်စောင်းနှင့် မြေသားပျော့ပျောင်းသည့် ဒေသများတွင်လည်း မိုးရေများပြားစွာ စိမ့်ဝင်သွားပါက မြေသားများ၏ ခိုင်မာမှုလျော့ရဲလာပြီး မြေပြိုမှုအန္တရာယ်ဖြစ်ပေါ်နိုင်သည်။

ထိုအန္တရာယ်များသည် မိုးရွာသွန်းမှုတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ လူသားတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် ပြုမူဆောင်ရွက်မှုများနှင့်လည်း ဆက်စပ်နေသည်။ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တောင်စောင်းများတွင် သစ်ပင်များ ဖယ်ရှားခြင်း၊ သဘာဝရေစီးကြောင်းများကို အဆောက်အအုံများဖြင့် ပိတ်ဆို့ခြင်းနှင့် မြစ်ချောင်းများ၊ ရေမြောင်းများအတွင်း အမှိုက်များ စွန့်ပစ်ခြင်းတို့သည် မိုးရေ၏ သဘာဝစီးဆင်းမှုကို ပြောင်းလဲစေနိုင်သည်။

သစ်တောများသည် လူသားတို့အတွက် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ပေးစွမ်းသည့်နေရာတစ်ခုသာ မဟုတ်ပေ။ သစ်တောသည် ရာသီဥတုကို ထိန်းညှိပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူခြင်း၊ မြေဆီလွှာတိုက်စားမှုကို လျှော့ချပေးခြင်းနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့် သဘာဝအခြေပြုအကာအကွယ်တစ်ရပ်ဖြစ်သည်။

သစ်ပင်များ၏ အမြစ်များသည် မြေဆီလွှာကို ခိုင်မာစွာထိန်းထားပေးသဖြင့် မိုးသည်းထန်သည့်အခါ မြေသားများ လွယ်ကူစွာ ပြိုကျမသွားစေရန် ကူညီပေးသည်။ သစ်ရွက်များနှင့် အကိုင်းအခက်များက မိုးရေကျရောက်မှုကို တိုက်ရိုက်မဖြစ်စေဘဲ တစ်စိတ်တစ်ပိုင်း ထိန်းသိမ်းပေးသည့်အတွက် မိုးရေများ မြေပေါ်သို့ အလွန်မြန်ဆန်စွာ စီးဆင်းခြင်းကိုလည်း လျှော့ချပေးနိုင်သည်။ ထို့ကြောင့် သစ်တောထိန်းသိမ်းရေးသည် သဘာဝအလှအပကို ထိန်းသိမ်းခြင်းသာမက ရေကြီးမှုနှင့် မြေပြိုမှုကဲ့သို့သော ဘေးအန္တရာယ်များကို လျှော့ချရာတွင်လည်း အရေးပါသည်။

မြို့ပြဒေသများတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ရေကြီးမှုအန္တရာယ်ကို ဆက်စပ်စဉ်းစားရန် လိုအပ်သည်။ မြို့များ တိုးချဲ့ဖွံ့ဖြိုးလာသည်နှင့်အမျှ သဘာဝမြေပြင်များကို အဆောက်အအုံများ၊ ကွန်ကရစ်လမ်းများနှင့် ကတ္တရာလမ်းများဖြင့် ဖုံးအုပ်လာကြသည်။ ထို့ကြောင့် မိုးရေများ မြေကြီးအတွင်း စိမ့်ဝင်နိုင်သည့်နေရာလျော့နည်းလာပြီး မိုးရေသည် မြောင်းများနှင့်လမ်းမများပေါ်သို့ ပိုမိုမြန်ဆန်စွာ စီးဆင်းလာသည်။

> ❖ ကလေးငယ်များနှင့် လူငယ်များကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ငယ်စဉ်ကတည်းက သင်ကြားပေးရန်လိုအပ်သည်။ သဘာဝတရားကို ချစ်မြတ်နိုးခြင်း၊ အမှိုက်မပစ်ခြင်း၊ သစ်ပင်များကို မဖျက်ဆီးခြင်း၊ ရေကိုမဖြုန်းတီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များအပေါ် သတိရှိခြင်းတို့သည် စာသင်ခန်းအတွင်း သင်ယူရုံသာမက နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် အလေ့အကျင့်များဖြစ်သည်။ ❖

ထို့ပြင် အမှိုက်စွန့်ပစ်မှုသည်လည်း မြို့ပြရေကြီးမှုကို ပိုမိုဆိုးရွားစေနိုင်သည့်အကြောင်းရင်းတစ်ခုဖြစ်သည်။ ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများနှင့် အခြားစွန့်ပစ်ပစ္စည်းများသည် ရေမြောင်းများနှင့် ရေစီးကြောင်းများအတွင်း ပိတ်ဆို့နေပါက မိုးသည်းထန်သည့်အချိန်တွင် ရေစီးဆင်းမှုကို တားဆီးနိုင်သည်။ ထိုအခါ မိုးရေသည် လမ်းမများ၊ လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများရှိရာနေရာများသို့ ပြန်လည်ဝင်ရောက်လာနိုင်သည်။

ထို့ကြောင့် အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်း အလေ့အကျင့်သည် သန့်ရှင်းလှပသောပတ်ဝန်းကျင်အတွက်သာ မဟုတ်ဘဲ သဘာဝဘေးအန္တရာယ် လျှော့ချရေးအတွက်ပါ အရေးပါသည်။ မိမိအိမ်ရှေ့တွင် အမှိုက်မပစ်ခြင်း၊ ရေမြောင်းအတွင်း အမှိုက်မစွန့်ပစ်ခြင်း၊ ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ခွဲခြားစွန့်ပစ်ခြင်းတို့သည် လူတစ်ဦးချင်းစီ လုပ်ဆောင်နိုင်သည့် အလွယ်ကူဆုံးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည်။

ယနေ့ကမ္ဘာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်လာသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းနှင့်အတူ မိုးရွာသွန်းမှုပုံစံများပြောင်းလဲလာခြင်း၊ အလွန်အမင်းပူပြင်းသည့်ကာလများ ပိုမိုဖြစ်ပေါ်လာခြင်းနှင့် ပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များကို ပိုမိုကြုံတွေ့လာရခြင်းတို့သည် နိုင်ငံများစွာအတွက် စိန်ခေါ်မှုများဖြစ်လာသည်။

ရာသီဥတုပြောင်းလဲမှုကို တစ်နိုင်ငံတည်း၊ တစ်မြို့တည်း သို့မဟုတ် လူတစ်ဦးတည်း၏ လုပ်ဆောင်ချက်ဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပေ။ သို့သော် လူတစ်ဦးချင်းစီ၏ သေးငယ်သော လုပ်ဆောင်ချက်များကို လူမှုအသိုက်အဝန်းအဆင့်တွင် စုပေါင်းလိုက်သောအခါ အကျိုးသက်ရောက်မှုကြီးမားလာနိုင်သည်။ သစ်ပင်စိုက်ပျိုးခြင်း၊ စွမ်းအင်ကို ချွေတာအသုံးပြုခြင်း၊ မလိုအပ်ဘဲ လျှပ်စစ်သုံးစွဲမှုမပြုခြင်း၊ တစ်ခါသုံးပလတ်စတစ်များကို လျှော့ချခြင်းနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးထားအသုံးပြုခြင်းတို့ဖြင့် အစပြုမှုများ ဆောင်ရွက်သင့်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် သစ်ပင်စိုက်ပျိုးခြင်းတစ်ခုတည်းဖြင့် ပြီးဆုံးသွားသည့် လုပ်ငန်း မဟုတ်ပေ။ ရှိပြီးသားသစ်တောများကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ မြစ်ချောင်းများ၏ သဘာဝရေစီးကြောင်းကို ကာကွယ်ခြင်း၊ စိုစွတ်မြေဒေသများနှင့် သဘာဝရေဝပ်ဒေသများကို ထိန်းသိမ်းခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းခြင်းနှင့် တိရစ္ဆာန်များ၏ သဘာဝနေထိုင်ရာများကို ကာကွယ်ခြင်းတို့လည်း ပါဝင်သည်။

အထူးသဖြင့် ရေဝပ်ဒေသများ၊ ရေကန်များနှင့် မြစ်ချောင်းများသည် သဘာဝ၏ ရေထိန်းစနစ်များအဖြစ် အရေးပါသည်။ မိုးသည်းထန်သည့်အချိန်တွင် ရေကို ခေတ္တထိန်းသိမ်းပေးနိုင်သည့် သဘာဝဧရိယာများပျောက်ဆုံးလာပါက မိုးရေသည် အခြားနေရာများသို့ ပိုမိုမြန်ဆန်စွာစီးဆင်းသွားနိုင်သည်။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သဘာဝရေစီးကြောင်းများနှင့် ရေဝပ်ဒေသများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ်များကို လျှော့ချရာတွင် ကြိုတင်ပြင်ဆင်ခြင်းသည်လည်း အရေးကြီးသည်။ မိုးသည်းထန်နိုင်သည့်ကာလများတွင် မိုးလေဝသ ခန့်မှန်းချက်များကို ပုံမှန်စောင့်ကြည့်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာခြင်း၊ ရေကြီးနိုင်သည့်ဒေသများနှင့် မြေပြိုနိုင်သည့် တောင်စောင်းဒေသများတွင် နေထိုင်သူများက အန္တရာယ်အခြေအနေကို ကြိုတင်သိရှိထားခြင်းတို့သည် အရေးပါသည်။

ဘေးအန္တရာယ်ဖြစ်ပွားပြီးမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်ထားခြင်းက ပိုမိုထိရောက်သည်။ မိသားစုတိုင်းတွင် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ အရေးကြီးစာရွက်စာတမ်းများ၊ လိုအပ်သောဆေးဝါးများ၊ သောက်သုံးရေနှင့် အခြေခံစားသောက်ကုန်များကို အခြေအနေအလိုက် ကြိုတင်ပြင်ဆင်ထားနိုင်သည်။ ထိုကဲ့သို့သော ပြင်ဆင်မှုများသည် သဘာဝဘေးအန္တရာယ်များကို လုံးဝကာကွယ်ပေးနိုင်မည် မဟုတ်သော်လည်း ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ပြင် ကလေးငယ်များနှင့် လူငယ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ငယ်စဉ်ကတည်းက သင်ကြားပေးရန်လိုအပ်သည်။ သဘာဝတရားကို ချစ်မြတ်နိုးခြင်း၊ အမှိုက်မပစ်ခြင်း၊ သစ်ပင်များကို မဖျက်ဆီးခြင်း၊ ရေကို မဖြုန်းတီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များအပေါ် သတိရှိခြင်းတို့သည် စာသင်ခန်းအတွင်း သင်ယူရုံသာမက နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် အလေ့အကျင့်များဖြစ်သည်။

သဘာဝပတ်ဝန်းကျင်သည် လူသားတို့ပိုင်ဆိုင်ထားသည့် အရာတစ်ခုမဟုတ်ဘဲ လူသားတို့အပါအဝင် သက်ရှိအားလုံး မှီခိုနေကြရသည့် ဘုံနားခိုရာနေရာကြီးတစ်ခုဖြစ်သည်။ လေထုညစ်ညမ်းလာပါက လူသားတို့သာမက တိရစ္ဆာန်နှင့် အပင်များပါ ထိခိုက်ရသည်။ မြစ်ချောင်းများ ညစ်ညမ်းလာပါက ရေသတ္တဝါများ ထိခိုက်သကဲ့သို့ လူသားတို့၏ သောက်သုံးရေအရင်းအမြစ်များလည်း ထိခိုက်လာနိုင်သည်။ သစ်တောများ ပျက်စီးလာပါက သစ်တောအပေါ်မှီခိုနေသည့် တိရစ္ဆာန်များ၏ နေထိုင်ရာများ ပျောက်ဆုံးသွားနိုင်သကဲ့သို့ ရာသီဥတုနှင့် ရေအရင်းအမြစ်များအပေါ်လည်း သက်ရောက်မှုရှိနိုင်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် အနာဂတ်မျိုးဆက်များအတွက် လက်ဆောင်တစ်ခု ပေးအပ်ခြင်းနှင့်တူသည်။ ယနေ့ လူသားတို့ စိုက်ပျိုးထားသည့် သစ်ပင်တစ်ပင်၊ ထိန်းသိမ်းလိုက်သည့် မြစ်ချောင်းများ၊ စည်းကမ်းမဲ့ မစွန့်ပစ်လိုက်သည့် ပလတ်စတစ်တစ်စနှင့် ချွေတာအသုံးပြုလိုက်သည့် စွမ်းအင်တစ်ယူနစ်စီသည် အနာဂတ်ပတ်ဝန်းကျင်အတွက် အကျိုးရှိစေမည့် အစပြုမှုများ ဖြစ်လာနိုင်သည်။

မိုးနှောင်းကာလသို့ ရောက်ရှိလာချိန်တွင် ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ်များကို သတိပြုခြင်း၊ သစ်တောနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် တာဝန်ရှိစွာ တုံ့ပြန်ခြင်းတို့ကို တစ်ဦးချင်းစီက စတင်လုပ်ဆောင်သင့်သည်။ စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်အားလုံးကို လူသားတို့က တားဆီးနိုင်မည်မဟုတ်ပေ။ သို့သော် သဘာဝကို မထိခိုက်အောင် နေထိုင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းတို့ဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်သည်။ သဘာဝနှင့် သဟဇာတဖြစ်စွာ နေထိုင်နိုင်ခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ရပ်လည်းဖြစ်သည်။

မိုးသည် သဘာဝ၏အသက်၊ သစ်တောသည် ကမ္ဘာမြေ၏အဆုတ်၊ မြစ်ချောင်းများသည် သဘာဝ၏သွေးကြောများဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးသည် လူသားတို့၏အနာဂတ်နှင့် ချိတ်ဆက်နေသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်စီမှစ၍၊ မြစ်ချောင်းတို့မှစ၍ ရပ်ကွက်တစ်ခုစီထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဓာတ်ကို ပြည်သူတိုင်း မွေးမြူကြရန်လိုသည်။

မိုးနှောင်းကာလတွင်သာမက နွေ၊ မိုး၊ ဆောင်း ရာသီတိုင်းတွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေး သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ကာကွယ်ခြင်းသည် လူသားအားလုံးတို့၏ တာဝန်ဖြစ်သည်။ သို့မှသာ အနာဂတ်မျိုးဆက်များအတွက် လုံခြုံအေးချမ်းသောဘဝကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

# ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ပုလဲ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၂၇၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၂၇၃၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာထုပ် စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်" ဟု ပုလဲမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ယခုနှစ် ပုလဲမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာ သင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွန်းရောင်း ကျေးရွာအုပ်စု ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေဗဟိုရ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၅ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# ကျုံပျော်မြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညို မြင့်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလပထမပတ်မှ ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက်များ ပေါ်ချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိအရောင်းအဝယ် ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေ



က နွေက ဝယ်ယူသိုလှောင်ထားတဲ့ ငရုတ်သီးတွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ လုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျုံပျော်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါနှင့် မှိုကပ်သည့်အန္တရာယ် ကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ တောင်သူများနှင့် လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဖါးအံမြို့နယ် နယ်ဇောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ဖါးအံ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖါးအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည် ဖော်ဆောင်ရွက်မည့် နယ်ဇော ကျေးရွာအုပ်စု နယ်ဇောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များ၊ စီမံကိန်းလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက အခမ်းအနားသို့ တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်ဇောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ ဖါးအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖါးအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ညောင်ရွှေမြို့နယ် နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းချောင်းကျေးရွာအုပ်စု နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နွားခမမြောက်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ခရိုအေးရှားနိုင်ငံ ဘရက်ကျွန်းတွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်နေသဖြင့် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်



**ဇက်ဂရတ် စက်တင်ဘာ ၁၃**

ခရိုအေးရှားနိုင်ငံ ဘရက်ကျွန်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသဖြင့် တောမီးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ခရိုအေးရှား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘရက်ကျွန်းတွင် မြက်ခင်းပြင်ဧရိယာများပြားပြီး မြက်ခင်းပြင်မီးလောင်ကျွမ်းမှုမှ စတင်ခဲ့သော တောမီး လောင်ကျွမ်းမှုဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး ၂၄ နာရီအတွင်း မြက်ခင်းပြင်မြေဟက်တာ ၃၀၀၀ ကျော်ထိ ပျက်စီးသွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာနှင့် နီးကပ်သော ဒေသများတွင် နေထိုင်သော ဒေသခံများကို အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း သိရသည်။

"ဘရက်ကျွန်းမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ လူနေအိမ်တွေနဲ့ နီးကပ်တဲ့အတွက်လဲ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ လိုအပ်လာရင် လေကြောင်းအကူအညီ ရယူသွားမှာလဲ ဖြစ်ပါတယ်"ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဘရာဇီးနိုင်ငံ ဆောပေါလိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် အဆောက်အအုံပြိုကျမှုဖြစ်ပွား

**ဘရာဇီးလီးယား စက်တင်ဘာ ၁၃**

ဘရာဇီးနိုင်ငံ ဆောပေါလိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သဖြင့် အဆောက်အအုံပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အဆောက်အအုံပြိုကျမှုသည် ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆောပေါလိုမြို့တွင် စက်တင်ဘာ ၁၂ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ဆဲ ၁၂ ထပ် အဆောက်အအုံတစ်ခု ပြိုကျခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့များက နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့တာဝန်ခံက ပြောကြားခဲ့သည်။

အရေးပေါ် ကယ်ဆယ်ရေးဌာန၏ ကနဦးသတင်းအချက်အလက်များအရ အဆိုပါပြိုကျမှု ဖြစ်ပွားချိန်တွင် အဆောက်အအုံ၌ ဘိုလီးဗီးယားနွယ်ဖွား မိသားစုဝင် ၁၁ ဦးခန့် ရှိနေခဲ့ကြောင်း၊ ထို့ကြောင့် ပျောက်ဆုံးနေသူများ ရှိနေနိုင်သဖြင့် ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါအဆောက်အအုံ ပြိုကျမှုသည် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ဆောပေါလိုမြို့၏ ဒေသအများအပြား၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်နေသဖြင့် ရာသီဥတုဆိုင်ရာသတိပေးချက်များ ထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အိန္ဒိယနိုင်ငံ ဘိုင်ဟာပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ရေဘေးသင့်ပြည်သူ ၄၈ သိန်းကျော်ရှိနေပြီဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်

**နယူးဒေလီ စက်တင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ ဘိုင်ဟာပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ရေဘေးသင့် ပြည်သူ ၄၈ သိန်းကျော် ရှိနေပြီဖြစ်ကြောင်း အိန္ဒိယအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် စက်တင်ဘာလ ၁၂ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင်ပေါင်း ၁၅ ခရိုင်ထိရှိနေကြောင်း၊ မိုးရေချိန်မြင့်မားပြီး မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပြီး ကမ်းခြေများတွင်လည်း မြစ်ကမ်း ရေတိုက်စားမှုများကြောင့် လူနေအိမ်ခြေများသို့ ရေစီးဝင်မှုမြန်ဆန်နေခြင်း ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော ခရိုင်များမှာ ပက်တာခရိုင်၊ ဘော့ပူရ်ခရိုင်၊ ဆာရန်ခရိုင်၊ ဗိုင်ရှာလီခရိုင်၊ ဘာဂယ်လ်ပူရ်ခရိုင်၊ ဘီဂူဆာရိုင်ခရိုင်၊ ဘူဇာခရိုင်၊ ဆမ်မာစတီပူရ်ခရိုင်၊ မန်ဂါခရိုင်၊ ကာသီဟာခရိုင်၊ လက်ဟိုင်ဆာရိုင်ခရိုင်၊ ကာဂါရီယာခရိုင်၊ ပူရ်နီယာခရိုင်၊ မက်ဟီပူရာခရိုင်နှင့် အမာရိုင်ယာခရိုင်တို့ဖြစ်ကြောင်း အိန္ဒိယ ရေထုအရင်းအမြစ်ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဘိုင်ဟာပြည်နယ်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်သူတွေ ၄၈ သိန်းကျော်ထိရှိနေပါတယ်။ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အဆင့် ဖြစ်တဲ့အတွက်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းထားသူတွေကို ခွင့်ပြုချက်မရဘဲ နေရပ်ကိုမပြန်ဖို့ တင်းကျပ်စွာ တားမြစ်ထားပါတယ်"ဟု အိန္ဒိယနိုင်ငံအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ဆူဒန်နိုင်ငံ အီကွယ်တိုးရီးယား အရှေ့ဘက်ပိုင်းတွင် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေ

**ဂျူဘာ စက်တင်ဘာ ၁၃**

တောင်ဆူဒန်နိုင်ငံ အီကွယ်တိုးရီးယား အရှေ့ဘက်ပိုင်းတွင် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်နေကြောင်း တောင်ဆူဒန်သတင်းအချက်အလက် ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရေပေးဝေနိုင်ခြင်း မရှိတော့သည့်အပြင် သောက်သုံးရေကိုလည်း အကန့်အသတ်ဖြင့်သာ ပေးဝေနေရပြီး အချို့သော ဒေသများတွင် သောက်သုံးရေပေးဝေနိုင်ခြင်း မရှိတော့ကြောင်း၊ မိုးခေါင်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး အရေးပေါ် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကာ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လုံလောက်သည့် ရေပေးဝေနိုင်ရေးထက် ဒေသခံများကို သောက်သုံးရေ လုံလောက်စွာ ပေးဝေးနိုင်ရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းအချက်အလက်ဝန်ကြီး အီလီယာဂျွန်က ပြောကြားသည်။

"အီကွယ်တိုးရီးယား အရှေ့ဘက်ပိုင်းမှာ မိုးခေါင်မှုပြဿနာနဲ့ ကာလရှည် ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုကြောင့် သောက်သုံးရေရှားပါးနေသလို စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေကိုလဲ ရေပေးဝေနိုင်ခြင်း မရှိတော့ပါဘူး။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ရေပေးဝေနိုင်ရေးထက် ဒေသခံတွေကို သောက်သုံးရေပေးဝေနိုင်ဖို့ ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံချက်တွေနဲ့ ဆောင်ရွက်သွားဖို့အတွက်လဲ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူပြီး ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ သောက်သုံးရေတွေ ပေးဝေနိုင်ဖို့အတွက် စီမံချက်တွေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာလဲ ဖြစ်ပါတယ်"ဟု သတင်းအချက်အလက်ဝန်ကြီး အီလီယာဂျွန်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နမီးဘီးယားနိုင်ငံ အီတိုရှာ အမျိုးသားဥယျာဉ်အတွင်း လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်

**ဝင်းဟုတ် စက်တင်ဘာ ၁၃**

နမီးဘီးယားနိုင်ငံ အီတိုရှာ အမျိုးသားဥယျာဉ်အတွင်း လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တောမီးသည် စက်တင်ဘာ ၉ ရက်က မိုးကြိုးပစ်မှုကြောင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးသည် ဟာလာလီဒေသ အပါအဝင် ကာမာဆက်ဘ်နှင့် တဆမ်ရပ်ကွက်များသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ ထိုတောမီးကို ယနေ့တွင် ရာနှုန်းပြည့် ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗီလ်ဟိုဟန်ဂူလာ၏ ပြောကြားချက်အရ သိရသည်။

အရေးပေါ်မီးသတ်အဖွဲ့များက တောမီးများ ဆက်လက်ပြန့်ပွားလောင်ကျွမ်းမှုမရှိစေရန် အနီးဝန်းကျင်ဒေသများကိုလည်း မီးတားလမ်းများ ဆောင်ရွက်ထားကြောင်း၊ တောမီးကြောင့် တောရိုင်းတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်း ရှိ၊ မရှိကိုမူ စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

နမီးဘီးယားနိုင်ငံ မြောက်ပိုင်းတွင် တည်ရှိသည့် အီတိုရှာအမျိုးသားဥယျာဉ်သည် နိုင်ငံ၏ အဓိက ခရီးသွား ဆွဲဆောင်မှုများအနက် တစ်ခုဖြစ်ပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၁၁၄ မျိုးနှင့် ငှက်မျိုးစိတ် ၄၀၀ ကျော်တို့၏ နေထိုင်ရာ အမျိုးသားဥယျာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မိုးရာသီမှာ ကျန်းမာရေးဂရုစိုက်ပါ

ပေါက်ပေါက်

မိုးရာသီနှင့်အတူ အအေးမိနှာစေးချောင်းဆိုးရောဂါများ၊ ရာသီတုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ အရေပြားရောဂါစသည့် ကူးစက်ရောဂါများဖြစ်ပေါ်တတ်သည်။ ထို့ပြင် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အစာအိမ်နှင့် အူရောင်ရမ်းခြင်းတို့လည်း ဖြစ်ပေါ်နိုင်သည်။

မုတ်သုံရာသီ၏သဘောသဘာဝအရ စိုထိုင်းဆများပြီး မိုင်းရပ်နှင့် ဘက်တီးရီးယားပိုးမွှားများ အလွယ်တကူပေါက်ပွားလေ့ရှိသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်မြင့်မားနေရန် အထူးလိုအပ်သည်။ထို့ကြောင့် ရှောင်ရန်၊ ဆောင်ရန် အစားအစာများနှင့်ကိုယ်ခံအားကောင်းမွန်စေမည့်နေထိုင်ပုံနည်းစနစ်များအကြောင်းတို့ကို အောက်ပါအတိုင်း အကျယ်တဝင့်အကြံပြုရေးသားလိုက်ရပါသည်။

**မိုးရာသီအတွက် ကောင်းကျိုးပြုအစားအစာများ**

မိုးရာသီတွင် ကိုယ်ခံအားစနစ်ကောင်းစေမည့် ဗီတာမင်စီကြွယ်ဝသော အစားအစာများဖြစ်ကြသည့် သံပရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ပန်းဂေါ်ဖီစိမ်းတို့ကို ဦးစားပေးရွေးချယ်စားသုံးသင့်သည်။ ၎င်းတို့က သွေးဖြူဥဆဲလ်ကိုတိုးပွားစေပြီး ကူးစက်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။ ထို့ပြင် အအေးမိ၊ တုပ်ကွေးနှာစေးခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဗီတာမင်စီဓာတ်ကြွယ်ဝသောဂေါ်ဖီထုပ်ကို စွပ်ပြုတ်လုပ်၍ မကြာခဏစားသင့်သည်။

ကြက်ဥ၊ ငါး၊ အမဲသား၊ ကြက်သား၊ ပဲအမျိုးမျိုးတို့ကို မကြာမကြာစားသုံးပေးခြင်းက ကိုယ်ခံအားဆဲလ်များကိုတည်ဆောက်ပေးသည်။ မိုးရာသီတွင် ဆီပါဝင်မှုနည်းသောအစားအစာမျိုးကိုသာ ရွေးချယ်စားသောက်သင့်သည်။ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ ကင်းပုံခါးသီး၊ ခွေးတောက်ရွက်ကဲ့သို့ ခါးသောဟင်းသီးဟင်းရွက်များက ပြင်ပရောဂါပိုးများ ကူးစက်ခြင်းမှကာကွယ်ပေးသည်။ ထို့ပြင် အခါးဓာတ်က ပိုးမွှားများကိုသေစေနိုင်ပြီး အူလမ်းကြောင်းကို သန့်ရှင်းစေသဖြင့် မိုးရာသီကာလတွင် အခါးဓာတ်ကို အနည်းဆုံးတစ်ပတ်တစ်ကြိမ်စားပေးသင့်သည်။

အငန်ဓာတ်က ခန္ဓာကိုယ်ထဲရှိအရည်ဓာတ်ကို ချုပ်တည်းစေနိုင်သည်။ ထို့ကြောင့် ဆား(အငန်) လျှော့စားသင့်သည်။မိုးရာသီအတွက် အသင့်တော်ဆုံးဆီအမျိုးအစားမှာသံလွင်ဆီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သံလွင်ဆီကစေးပျစ်ခြင်းမရှိဘဲ အစာကြေညက်လွယ်သည်။ မိုးအေးသည့်နေ့များတွင် အထူးသဖြင့် ညစာကိုပေါ့သော၊ ကျေညက်လွယ်သောဟင်းလျာမျိုးကိုသာ စီမံချက်ပြုတ်စားသုံးပါ။ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်း၊ နံနံပင်၊ နံနံစေ့၊နနွင်းစသည့်ပိုးသတ်ပေးနိုင်သည့် အာနိသင်ရှိသောဟင်းခတ်အမွှေးအကြိုင်များက မုတ်သုံရာသီအတွက်သက်စောင့်ဆေးဖြစ်သည်။ အေးစက်နေသောအစားအစာများက အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အူရောင်ငန်းဖျားရောဂါတို့ကိုဖြစ်ပွားတတ်သည်။ထို့ကြောင့်အစားအစာများကိုပူပူနွေးနွေးသုံးဆောင်ပါက အကောင်းဆုံးဖြစ်သည်။ပူပူနွေးနွေးစားသောက်ခြင်းကလည်းအစာကြေညက်လွယ်စေသဖြင့်ကိုယ်ခံအားကောင်းစေသည်။

ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်ပြီးသည့်အခါ ထပ်ခါထပ်ခါမနွှေးသင့်ဘဲ လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးစားသုံးဖို့လိုသည်။ မိုးရာသီ၌ အစာစားပြီးနောက် ဝမ်းဗိုက်ထဲမအီမသာခံစားရပါက အုန်းရည်သောက်ပါ။ မိုးရာသီဖြစ်သော်လည်း ရေအလုံအလောက်သောက်ဖို့လိုအပ်သည်။ မုတ်သုံရာသီတွင် ဖြစ်တတ်သော ရာသီတုပ်ကွေးရောဂါသည် ကိုယ်အပူချိန်မြင့်တက်လွန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှော၍ ခန္ဓာကိုယ်တွင်းရေဓာတ်ခမ်းခြောက်ခြင်းဖြစ်နိုင်သဖြင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေများများသောက်သင့်သည်။ အကယ်၍ ရေဘုံပိုင်မှရသောရေဖြစ်ပါက ဦးစွာရေကိုကြိုချက်ပြီးမှသာ အအေးခံ၍သောက်ပါ။ အအေးမိသူများတွင် နှာခေါင်းနှင့် လည်ချောင်းရှင်းစေရန်အတွက် လက်ဖက်ရည်ကြမ်း(ရေနွေး)ကိုသာ သောက်သုံးသင့်သည်။ချင်း(Ginger) တွင် သဘာဝပိုးသတ်ပေးနိုင်သည့်အာနိသင်ရှိသည်။ အအေးမိခြင်းနှင့် လည်ချောင်းနာခြင်းတို့အတွက် ချင်းအနည်းငယ်ကို ထောင်းပြီး ရေနွေးပူမှာ တစ်မိနစ်ခန့်ဆူအောင် ပြုတ်၍ တစ်နေ့နှစ်ခွက်သောက်ပါ။ နနွင်းမှုန့်က လည်း ကိုယ်ခံအားကိုမြှင့်တင်ပေးပြီးရောင်ရမ်းခြင်းပါ ဖြစ်လာနိုင်၍ ၎င်းအစားအစာများကို ရှောင်ပါ။ ဝမ်းပျက်ဝမ်းလျှောအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် အမှည့်လွန်သစ်သီးများကို ရှောင်ပါ။ယင်အန္တရာယ်မဖြစ်စေရန်အတွက် သစ်သီးမှည့်အခွံများ (ဥပမာ မိုးရာသီ သီးနှံများဖြစ်ကြသည့် သရက်သီး၊ ဒူးရင်းသီး၊ နာနတ်သီးအခွံများ)ကိုအမှိုက်ပုံးထဲစနစ်တကျစွန့်ပစ်ပါ။ မိုးရာသီကာလ ရေညစ်ညမ်းမှုကြောင့် အစာအဆိပ်သင့်လွယ်သဖြင့် ပင်လယ်စာ(Seafood) စားသုံးမှုရှောင်ပါ။ ထို့ပြင် ငါး၊ ပုစွန် မလတ်ဆတ်လျှင် လုံးဝမစားသင့်ပေ။

လွန်စွာချဉ်သောအစားအစာများက ခန္ဓာကိုယ်တွင်း အရည်ဓာတ်နှင့် ဆီးတို့ကိုချုပ်စေတတ်သည်။ ဖရဲသီးကဲ့သို့သော အရည်ရွှမ်းသောအသီးများကို မိုးရာသီမှာမစားသင့်ပေ။ အစာမကြေ ရင်ပြည့်မှုကို သက်သာစေသဖြင့် အေးချမ်းသောမိုးရာသီအတွက် နနွင်းမှုန့်ကကောင်းကျိုးပြုသည်။



ကိုယ်ခံစွမ်းအားကောင်းမွန်၍ အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ တုပ်ကွေးစသည့်ကူးစက်ရောဂါမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကြက်သား၊ ကြက်ရိုးတို့ကို ကြက်သွန်ဖြူ ချင်းတို့ဖြင့် စွပ်ပြုတ်ပူပူသောက်ပါ။အအေးမိ၍ လည်ချောင်းနာ အသံဝင်ခြင်းတို့အတွက် ပန်းကန်လုံးထဲသို့ နွားနို့ ပျားရည်နှင့်နနွင်းမှုန့်တို့ကို လက်ဖက်ရည်ဇွန်းတစ်ဝက်ခန့်စီ ရော၍ တစ်နေ့နှစ်ကြိမ်သောက်ပါ။

ဝမ်းပျက်ဝမ်းလျှောပါက ရေဓာတ်ခမ်းခြောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဓာတ်ဆားရည် သောက်ပါ။ ဓာတ်ဆားရည်အလွယ်တကူမရပါက ရေကျက်အေးထည့်ထားသောခွက်၌ သကြား လက်ဖက်ရည်ဇွန်းရှစ်ဇွန်း၊ ဆားလက်ဖက်ရည်ဇွန်း တစ်ဇွန်း ထည့်ဖျော်ပြီးသောက်ပါ။

ဒိန်ချဉ်တွင်ပါရှိသော ပရိုဘိုင်အိုတစ် (Probiotics) ခေါ် အကျိုးပြုဘက်တီးရီးယားများက အူလမ်းကြောင်း ကျန်းမာရေးကိုကောင်းမွန်စေသည်။ ဒိန်ချဉ်ထည့်ထားသည့်ဖန်ခွက်တစ်လုံးထဲသို့ ကြံသကာကို ထောင်းထု၍ဖျော်ထည့်ပါ။ ၎င်းဖျော်ရည်ထဲကို ငရုတ်ကောင်းမှုန့်နှင့် ဆားအနည်းငယ်ထည့်၍ နံနက်အိပ်ယာထစားပေးပါ။ ဤဆေးဖျော်ရည်က မိုးရာသီတွင်သာမက ဆောင်းရာသီများတွင်ပါဖြစ်လေ့ရှိသော နှာစေးရောဂါကို သုံးရက်အတွင်း သက်သာပျောက်ကင်းသွားစေသည်။

**မိုးရာသီအတွက် ရှောင်ရန်အစားအစာများ**

ကျန်းမာရေးနှင့်မညီညွတ်သော လမ်းဘေးအစားအစာများနှင့် ယင်နားစာများက ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်စေနိုင်သည့်အပြင် အစာအဆိပ်သင့်ရင်ကယ်ဖြစ်စေသည်။ မုန်ညင်းဆီ၊ ပဲဆီ၊ နှမ်းဆီများက ချမ်းအေးသောရာသီတွင် ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကို ကမောက်ကမဖြစ်စေနိုင်၍ ၎င်းဆီများကို မုတ်သုံရာသီတွင်ရှောင်ရှားသင့်သည်။ မုတ်သုံရာသီတွင် အဆီဓာတ်ပါဝင်မှုများသော နို့နှင့်နို့ထွက်ပစ္စည်းများကို မစားသင့်ပေ။ ၎င်းတို့က အစာခြေစနစ်ကိုခက်ခဲစေကာ အစာခြေလမ်းကြောင်းအတွင်းရောဂါပိုးမွှားများ ပေါက်ပွားလာစေတတ်သည်။ အေးခဲထားသောအစားအစာများထဲတွင် ဘက်တီးရီးယားများ တိုးပွားလာစေနိုင်သဖြင့် ရေခဲသေတ္တာထဲတွင်ပြန်လည်အေးခဲ၍မစားသင့်ပေ။ အခန့်မသင့်ပါက အစာအဆိပ်ဖြစ်စေနိုင်သည်။

မချက်ပြုတ်ဘဲ အစိမ်းစားရသောဟင်းသီးဟင်းရွက်စိမ်းအသုပ်များကို မိုးရာသီတွင် အတတ်နိုင်ဆုံးရှောင်ပါ။ အထူးသဖြင့် ဟင်းနုနယ်၊ ကိုက်လန်၊ ကန်စွန်းရွက်တို့ကို မိုးရာသီတွင်ရှောင်သင့်သည်။ ယင်းတို့တွင် ပိုးမွှားများကပ်ငြိစေနိုင်သဖြင့် မဖြစ်မနေ စားသုံးမည်ဆိုပါက ရေနွေးဖြောခြင်းသို့မဟုတ် ကျက်အောက်ချက်ပြီးမှစားသင့်သည်။ ထို့ပြင် ဟင်းသီးဟင်းရွက်များကို ရေချည်းသက်သက် မဆေးဘဲ ဆားသို့မဟုတ် ရုလကာရည် အနည်းငယ်ထည့်ပြီး စိမ်ဆေးမှသာပိုးမွှားစင်ကြယ်နိုင်မည်။

**ကိုယ်ခံအားကောင်းစေမည့် နေထိုင်မှုပုံစံများ**

အိပ်ရေးဝဝအိပ်ပါ။ အိပ်ရေးပျက်လျှင် ဗိုင်းရပ်ပိုးမွှားများ အလွယ်တကူဝင်ရောက်နိုင်သည်။ အိမ်တွင်းတွင် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ မိုးရွာ၍ အပြင်မထွက်နိုင်သော်လည်း အိမ်ထဲတွင်ယောဂကျင့်ခြင်း၊ အကြောဆန့်ခြင်း သို့မဟုတ် လမ်းလျှောက်ခြင်း စသည့်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတို့ကို တစ်နေ့လျှင် အနည်းဆုံးမိနစ် ၂၀ ကြာ လုပ်ပေးပါက သွေးလည်ပတ်မှုကောင်းမွန်စေပြီး ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေသည်။

**သတိပြုရမည့် အရေပြားကျန်းမာရေး**

မိုးတွင်းကာလတွင် နေရောင်ခြည်ရရှိမှုနည်းပါးသဖြင့် မှို (Fungus) ပေါက်ပွားမှု အလွန်မြန်ဆန်သည်။ ထို့ကြောင့် အရေပြားယားနာရောဂါများ အလွယ်တကူဖြစ်ပွားနိုင်သည်။ပွေး(Ringworm) က အရေပြားပေါ်မှာ အနီရောင်အကွင်းလိုက်ပေါ်လာပြီး အလွန် ယားယံတတ်သည်။ ပေါင်ခြံ၊ ချိုင်းကြားနှင့် ခြေချောင်းကြားကဲ့သို့ ချွေးအောင်းသည့်နေရာများတွင် အဖြစ်များသည်။

သဲဝဲစားခြင်း(Athlete's foot) ဖြစ်တတ်သည်။ ခြေချောင်းကြားတွင် အရေပြားကွဲအက်ပြီး ဖြူဖပ်ဖြူရော်ဖြစ် ကာ စပ်ဖျဉ်းဖျဉ်းနှင့် ယားယံတတ်သည်။ ရေဝပ်သောနေရာများတွင် ဖိနပ်မပါဘဲနင်းမိရာက အဓိက ကူးစက်တတ်သည်။

ဝဲ(Scabies) က ယားယံမှုပြင်းထန်ပြီး အထူးသဖြင့် ညဘက်တွင်ပိုယားတတ်သည်။ လက်ချောင်းကြား၊ လက်ကောက်ဝတ်နှင့် ခါးတို့တွင် အဖုငယ်လေးများ ပေါက်တတ်သည်။ ညှင်း(Tinea Versicolor) က စိုထိုင်းဆများပြီး ချွေးထွက်များသူတို့တွင် ကျောကုန်း၊ ရင်ဘတ်တို့၌ အဖြူကွက် သို့မဟုတ် အညိုကွက်ပေါ်လာတတ်သည်။

အထက်ဖော်ပြပါ အရေပြားရောဂါများ ကာကွယ်ရန်အတွက် ခန္ဓာကိုယ်ကိုခြောက်သွေ့အောင်ထားပါ။ စိုထိုင်းနေသောအဝတ်များနှင့် အတွင်းခံများကို ဝတ်ဆင်ပါက မှိုရောဂါဖြစ်စေနိုင်သည်ကို အထူးသတိပြုပါ။ လိုအပ်လျှင် မီးပူတိုက်ပြီးမှ ဝတ်ဆင်ပါ။ ယားနာဖြစ်လျှင် လက်သည်းဖြင့် ကုတ်ခြစ်ခြင်းကို ရှောင်ပါ။ ဆရာဝန်နှင့် ပြသပါ။

အချုပ်ဆိုသော် မုတ်သုံရာသီတွင် အအေးမိ၊ နှာစေး၊ ချောင်းဆိုးစသည့် ကူးစက်ရောဂါများ ဖြစ်လေ့ရှိသဖြင့် မိမိတို့အိမ်တွင် အကိုက်ခဲပျောက်ဆေးပြားများအရံသင့်ဆောင်ထားသင့်သည်။ မိုးရေစက်တွင်ပါလာလေ့ရှိသော သဘာဝအက်စစ်ပျော့များနှင့် စိုထိုင်းထိုင်းထိတွေ့မှုကလည်း အသားအရေနှင့် ဆံသားတွေကိုပျက်စီးစေတတ်သည်။ ထို့ကြောင့် မိုးမိလာသောအခါ ရေခပ်နွေးနွေးဖြင့် ရေချိုးပါ။ အနံ့အသက်ကောင်းပြီး သန့်ရှင်းခြောက်သွေ့သည့် မျက်နှာသုပ်ပဝါသုံးပါ။ ရေချိုးပြီးသောအခါတွင်လည်း လိုအပ်ပါကယားနာပျောက်ကိုယ်လိမ်းပေါင်ဒါ သို့မဟုတ် ကရင်မ်လိမ်းပေးပါ။ မိုးရေထဲတွင် ပျော်ဝင်နေသော အက်စစ်ပျော့ကအသားအရေကို ခြောက်သွေ့ယားယံစေသဖြင့် ညအိပ်ယာဝင်ခါနီး အသားလှဆီ သို့မဟုတ် ရေဓာတ်များသော မျက်နှာလိမ်းကရင်မ်ကိုလိမ်းအိပ်သင့်သည်။

မိုးရာသီ လေထုစိုထိုင်းမှုများကြောင့် ဝက်ခြံများ ပေါက်လာတတ်သည်။ ထို့ကြောင့် ဗီတာမင်စီကို အခြေခံ၍ ဖော်စပ်ထုတ်လုပ်ထားသော မျက်နှာသစ်ဆပ်ပြာကိုရွေးချယ်သုံးသင့်သည်။ မိုးရေထဲရှိ သဘာဝအက်စစ်ပျော့ဓာတုပစ္စည်းက ဆံသားများကိုခြောက်သွေ့ပျက်စီးစေနိုင်၍ အိမ်ပြန်ရောက်ရောက်ချင်း ရေစိုနေသောဆံပင်ကို သုံးနေကျ ရှမ်ပူ (shampoo) ဖြင့် ခေါင်းလျှော်ပါ သို့မဟုတ် မျက်နှာသုပ်ပဝါသန့်သန့်ဖြင့် မိုးရေတွေ ကုန်စင်ခြောက်သွေ့အောင်သုပ်ပါ။ အမျိုးသမီးများအနေဖြင့် မိုးရေကြောင့် အလှမပျက်ရလေအောင် ရေစိုခံမိတ်ကပ်၊ ရေစိုခံပေါင်ဒါ သို့မဟုတ် ကရင်မ်ပပ်ဖ်၊ ရေစိုခံနှုတ်ခမ်းဆိုးဆေး၊ ရေစိုခံအိုင်းလိုင်နာတွေ ရွေးသုံးပေးခြင်းဖြင့်လည်း မိုးရာသီအတွင်း ကျန်းမာလှပစွာနေထိုင်နိုင်ကြပါစေကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၇၉၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၇၉၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၇၉၂၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ကုလားပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကုလားပဲစိုက်ပျိုးရာမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြမည် ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

# လက်ပံတန်းမြို့နယ် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လက်ပံတန်း စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**









## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အထက–ကျောက်ဆည်၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးကြည်(၅/စကန(နိုင်)၁၆၇၃၂၄)၊ မိခင် ဒေါ်မြင့်နွယ်(၅/စကန(နိုင်)၀၈၈၄၉၆)တို့၏သမီး မရွှေဝန်းယံ၏အမည်မှန်မှာ **မရွှေဝင်းယံ** ဖြစ်ပါကြောင်း။

မရွှေဝင်းယံ(၅/စကန(နိုင်)၃၄၆၈၈၃)

## အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှု၊ စက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade-12(စိုက်ပျိုးရေး)တွင် ပညာသင်ကြားနေသော (ဘ) ဦးထိုက်သူ(၉/မသန(နိုင်)၁၂၅၃၇၃)၏သမီး မထက်စုအောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မစုထက်အောင်** ဖြစ်ပါကြောင်း။

မစုထက်အောင်

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက–မြို့သစ်၊ Grade-12 အတန်းတွင် ပညာသင်ကြားနေသော မတင်မိုးလှိုင်၏ ဖခင်အမည်မှန်မှာ **ဦးတင်အေး** ဖြစ်ပါကြောင်း။

**ဦးတင်အေး**
(၉/ဝတန(နိုင်)၁၄၃၀၅၃)

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/ခ)၊ ဦးပိုင်အမှတ်(၁၈၆)၊ ဦးအောင်သိန်းဝင်း အမည်ပေါက်(အလျား ၄၀'-၀"xအနံ ၆၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဦးအောင်သိန်းဝင်း(၉/မခန(နိုင်)၀၆၅၄၃၄) ကိုင်ဆောင်သူမှ (အလျား ၄၀' တစ်ဖက်၊ အနံ ၆၀'နှစ်ဖက်)အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခြင်းနှင့်ပတ်သက်၍ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ရှင်းသန့်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ **၁၈-၈-၂၀၁၀** ဖြစ်ပါကြောင်း။

မောင်ရှင်းသန့်မောင်၊ ၁၈-၈-၂၀၁၀

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်မြို့နယ်၊ အထက–ဟန်မြင့်မိုရ်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးခင်မောင်သန်း၏သမီး မဖြိုးရတနာလွင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **၄-၉-၂၀၀၈** ဖြစ်ပါကြောင်း။

မဖြိုးရတနာလွင်၊ ၄-၉-၂၀၀၈

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အထက–မြို့မကျောင်း၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးလွင်နောင်ထွန်း၏သမီး မကြယ်စင်လင်းအား **မအိမ်စည်ချမ်းမြေ့** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ်စည်ချမ်းမြေ့

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ GPEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3(B)တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ထူးထူးအောင်၏သမီး မမြသိင်္ဂီထူး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **၂၇-၉-၂၀၁၈** ဖြစ်ပါကြောင်း။

မမြသိင်္ဂီထူး၊ ၂၇-၉-၂၀၁၈

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာနေ ဦးစိန်လှိုင် + ဒေါ်မြရင်တို့၏သား ဦးခင်မောင်ဦး(၉/ပသက(နိုင်)၀၆၄၁၃၇)ပိုင်ဆိုင်သော တောင် + မြောက် ၆၅ ပေ၊ ရှေ့မျက်နှာစာ ၃၁ ပေ အကျယ်အဝန်းရှိ ရေမီးပါအိမ်ဝိုင်းမြေကို ၇-၉-၂၀၂၆ ရက်တွင် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)နေ ဦးလီစူကျင်း၏သား မောင်ကျင်လှိုင်(၉/ပဥလ(နိုင်)၀၁၄၇၆၆)မှ ဝယ်ယူရန် စရံငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအိမ်ဝိုင်းမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ကျင်လှိုင်(၉/ပဥလ(နိုင်)၀၁၄၇၆၆)**
**ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)**
**09-450188881၊ 09-2045740**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/က)၊ ဦးပိုင်အမှတ်(၃၀၂)၊ ဦးလှတင့် အမည်ပေါက်(အလျား ၃၂'-၀"xအနံ ၁၈')အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဒေါ်ခင်မာချို(၈/ရစက(နိုင်)၁၅၁၀၆၅)ကိုင်ဆောင်သူမှ (အလျား၂၄'-၀" x အနံ ၁၆'-၀")နံကပ် (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ J 11 သီရိရတနာ လက်ကားဝင်းနေ မောင်ဝင်းနိုင် (ဘ) ဦးချိုးတာယုံ(၁/မညန(နိုင်)၁၅၈၅၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-756105571**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဖောင်းပြင်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဖောင်းပြင်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



## သာကေတမြို့နယ်အတွင်း Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းတွင် ဓာတ်အားယူနစ်ပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် AMIစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်အစုအဖွဲ့ဖြင့် Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ Digital Smart Meter များ ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးနေမှု၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ MOGE GIS ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

ကြေးမုံ ယနေ့ဖတ်စရာ

U.S. Openအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ရိုင်ဘာကီနာ ဆွတ်ခူး စာမျက်နှာ - ၈

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)နောက်ဆုံးပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ စာမျက်နှာ - ၈



## Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၂၀)တွင် မီခေးလန်ဒါ ချန်ပီယံဆုဆွတ်ခူး

**မက်ဒရစ် စက်တင်ဘာ ၁၃**

စပိန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် Vuelta a Espana 2026 ပြိုင်ပွဲ အဆင့်(၂၀)တွင် စပိန်စက်ဘီးစီးသမား မီခေးလန်ဒါက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု La Vuelta သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ◆

## ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုး၊ လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုး၊ လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများဖမ်းဆီးရမိပြီး တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် သတင်းအရ ကလေးမြို့ လှိုင်သာယာရပ်ကွက်အနီးတွင် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ

စာမျက်နှာ ၂၂ ကော်လံ ၁ ✱



မျိုးကို၊ ဇော်လင်းအောင် ခေါ် ကိုဆက် ခေါ် အငယ်လေးတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ(Senior Agent)များကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသားများသည် Online အခြေပြုလောင်းကစား Website များတည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာခြင်း၊ Online လောင်းကစားဂိမ်းကစားနိုင်ရန် တရားမဝင် ဝန်ဆောင်မှုပေးခြင်းများဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူအချို့အနေဖြင့် ဝင်ရောက်ကစားလျက်ရှိသည်ကို တွေ့ရှိရသည်။ ထိုသို့ လောင်းကစားဂိမ်းများကစားခြင်းကြောင့် ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး အကျင့်စာရိတ္တပျက်ပြားခြင်း၊ နောက်ဆက်တွဲဒုစရိုက်မှုများကျူးလွန်ခြင်း၊ မိမိကိုယ်ကို အဆုံးစီရင်ခြင်းများ ဖြစ်ပွားသည်ထိ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာလျက်ရှိကြောင်း တွေ့ရှိရသည်။

Online လောင်းကစားဂိမ်းများကို ပြည်သူအများပိုမိုကစားလာစေရန်အတွက် Agent Level များ အဆင့်ဆင့်သတ်မှတ်ထားရှိ၍ ဦးစီးဆောင်ရွက်ခြင်း၊ ဆွဲဆောင်စည်းရုံးခြင်းနှင့် လောင်းကစားကွန်ရက်ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းများ

စာမျက်နှာ ၂၃ ကော်လံ ၁ ●

ကြေးမုံ ယနေ့ဖတ်စရာ

အင်ဒိုနီးရှား၌ ခရီးသည်တင် သင်္ဘောနစ်မြုပ် လူခြောက်ဦး သေဆုံး၍ ဦးရေ ၁၃၀ ပျောက်ဆုံးနေ စာမျက်နှာ - ၆